မိတ်ဆွေစာပေ

မြန်မာ့လွတ်လပ်ရေးကိုရယူပေးခဲ့သော

# ရဲဘော်သုံးကျိပ်

၏

# ဘဝမှတ်တမ်း



ဂျဲသွေးထက်

စုစည်းတင်ပြသည်။

မြန်မာ့လွတ်လပ်ရေးကိုရယူပေးခဲ့သော

# ရဲဘော်သုံးကျိပ်

၏

# ဘဝမှတ်တမ်း

ဂျဲသွေးထက်

စုစည်းတင်ပြသည်။

ဖြန့်ချိရေး

**မိတ်ဆွေ(စာပေ)**

၆၀ ဘုရင့်နောင်လမ်း၊ ပေါက်တော၊ အင်းစိန်

ဖုန်း - ၀၉၈၆၂၀၇၅၃

## ဒို့တာဝန်အရေးသုံးပါး

- ☐ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ☐ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- ☐ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ☐ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☐ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☐ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☐ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်


- ☐ နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ☐ အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☐ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☐ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☐ စိုက်ပျိုးရေးကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့်
- ☐ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☐ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☐ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- ☐ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ☐ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မှန်ကန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ဟိုင်နန်ကျွန်း၊ စစ်ပညာသင်တန်းကျောင်းတွင် ကျောင်းအုပ်ကြီး၊ သင်တန်းနည်းပြဆရာများနှင့်
ရဲဘော်သုံးကျိပ်ဝင်များ

## ပုံနှိပ်မှတ်တမ်း


ထုတ်ဝေသူ - ဦးနိုင်မျိုးထွန်း (အင်ပါယာစာပေ)
တိုက်(၂၁)၊ အခန်း(၁၁)၊
စီးပွားကူးသန်းအိမ်ရာ၊ မြောက်ဒဂုံ။

အတွင်းနှင့်-
အဖုံးပုံနှိပ်သူ ဦးစည်သူကိုကို
(တော်ဝင်ထွန်းပုံနှိပ်တိုက်)
အမှတ်(၁၇)၊ ၅၂လမ်း၊
ဗိုလ်တထောင်၊ ရန်ကုန်။

ပုံနှိပ်ခြင်း - ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ။

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၀၀၀ ကျပ်

အတွင်းဖလင် - ကိုမျိုးဝင်းကျော်

ဖြန့်ချိရေး - မိတ်ဆွေစာပေ
အမှတ်(၆၀)၊ ဘုရင့်နောင်လမ်း၊
ပေါက်တော၊ အင်းစိန်။
ဖုန်း - ၀၉ ၈၆၂၀၇၅၃



ရဲဘော်သုံးကျိပ်ဝင်အချို့

နောက်ဆုံးတန်း - ဗိုလ်တာရာ၊ ဗိုလ်မင်းခေါင်၊ ဗိုလ်လင်းယုန်၊ ဗိုလ်ဇင်ယော်၊ ဗိုလ်ဗလ၊ ဗိုလ်ရဲထွဋ်

အလယ်တန်း - ဗိုလ်ရန်နိုင်၊ ဗိုလ်မင်းရောင်၊ ဗိုလ်မြင့်အောင်၊ ဗိုလ်စောနောင်၊ ဗိုလ်ကျော်ဇော

ရှေ့တန်း - ဗိုလ်ဇေယျ၊ ဗိုလ်အောင်၊ နဂါးနီ၊ ဗိုလ်တေဇ (ဗိုလ်ချုပ်အောင်ဆန်း)၊ ဗိုလ်မိုးကြိုး၊ ဗိုလ်နေဝင်း၊ ဗိုလ်လရောင်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | (နိဒါန်း)ရဲဘော်သုံးကျိပ်နှင့် ခြောက်ဆယ့်နှစ်--နှစ်ကြာ မှတ်တမ်း | ၉ |
| ၂။ | ရဲဘော်သုံးကျိပ်ဝင်များ | ၁၅ |
| ၃။ | ဗိုလ်ချုပ်အောင်ဆန်း(ဗိုလ်တေဇ) | ၁၉ |
| ၄။ | ဗိုလ်ချုပ်ကြီးနေဝင်း | ၃၃ |
| ၅။ | ဗိုလ်မိုးညို | ၄၃ |
| ၆။ | ဗိုလ်တာရာ | ၄၉ |
| ၇။ | ဗိုလ်ဇေယျအောင် | ၅၃ |
| ၈။ | ဗိုလ်မင်းခေါင် | ၅၇ |
| ၉။ | ဗိုလ်တောက်ထိန် | ၆၃ |
| ၁၀။ | ဗိုလ်မှူးအောင် | ၆၉ |
| ၁၁။ | ဗိုလ်မြင့်အောင် | ၇၇ |
| ၁၂။ | ဗိုလ်ထိန်ဝင်း | ၈၁ |
| ၁၃။ | ဗိုလ်ဘုန်းမြင့် | ၈၅ |
| ၁၄။ | ဗိုလ်မြင့်ဆွေ | ၉၁ |


| | | |
|---|---|---|
| ၁၅။ | ဗိုလ်ရန်နိုင် | ၉၇ |
| ၁၆။ | ဗိုလ်လင်းယုန် | ၁၀၅ |
| ၁၇။ | ဗိုလ်ဗလ | ၁၀၉ |
| ၁၈။ | သခင်ထွန်းအုပ် | ၁၁၃ |
| ၁၉။ | ဗိုလ်လရောင် | ၁၁၉ |
| ၂၀။ | ဗိုလ်ဉာဏ | ၁၂၅ |
| ၂၁။ | ဗိုလ်ကျော်ဇော | ၁၂၉ |
| ၂၂။ | ဗိုလ်မင်းရောင် | ၁၃၇ |
| ၂၃။ | ဗိုလ်လကျ်ာ | ၁၄၁ |
| ၂၄။ | ဗိုလ်ဇေယျ | ၁၄၉ |
| ၂၅။ | ဗိုလ်ရန်အောင် | ၁၅၇ |
| ၂၆။ | ဗိုလ်စောနောင် | ၁၆၃ |
| ၂၇။ | ဗိုလ်ဇင်ယော် | ၁၆၇ |
| ၂၈။ | ဗိုလ်သန်းတင် | ၁၇၃ |
| ၂၉။ | ဗိုလ်မြဒင် | ၁၇၇ |
| ၃၀။ | ဗိုလ်မိုး | ၁၈၁ |
| ၃၁။ | ဗိုလ်စကြာ | ၁၈၅ |
| ၃၂။ | ဗိုလ်ရဲထွဋ် | ၁၉၁ |
| ၃၃။ | ကျမ်းကိုးစာရင်း | |




ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ရုပ်ဖျက်ကာ
ပြန်လည်ဝင်ရောက်လာသည့်
သခင်အောင်ဆန်း (ဖေဖော်ဝါရီ ၁၉၄၁)



ရဲဘော်သုံးကျိပ် စတုတ္ထအသုတ်အား ဟာကိုနီ တောင်ပေါ် စခန်းမြို့တွင် တွေ့ရပုံ



၂-ကြိမ်တိတိ-သွေးသောက်ရာ၌-အသုံးပြုသည့်
သွေးသောက်ငွေဖလား နှင့် ဆေးထိုးအပ်။
(ယိုးဒယားပြည်-ဘန်ကောက်မြို့၌၊ ရဲဘော်သုံးကျိပ်နှင့်
ယိုးဒယား-ဘန်ကောက်မြို့တော်မှ ဗမာ့လွတ်လပ်ရေးတပ်မတော်သို့
ဝင်လာသော ရဲဘော်များ သွေးသောက်သည့်ဖလားနှင့် ဆေးထိုးအပ်ပုံ)



နောက်တန်း – ဂာာတို၊ ဗိုလ်ဇေယျ(ကိုလှမောင်)၊ ဗိုလ်နေဝင်း(သခင်ရှုမောင်)
ဗိုလ်မြင့်ဆွေ(သခင်ထွန်းခင်)၊ တပ်ကြပ်အီတို
ရှေ့တန်း – ဒိုးအိ၊ ဗိုလ်လက်ျာ(သခင်လှဖေ)၊ ဗိုလ်ကြီးကာဝါရှိမ၊ သခင်ထွန်းအုပ်၊
ဗိုလ်တေဇ(သခင်အောင်ဆန်း)၊ နိဟာရာ



အမ္ဗိုဇ့်မှတစ်ဆင့်ဂျပန်နိုင်ငံရောက် သခင်အောင်ဆန်းနှင့်
သခင်လှမြိုင် (နိုဝင်ဘာ ၁၉၄၀)



ဗမာ့လွတ်လပ်ရေးတပ်မတော်သေနာပတိ
ဗိုလ်တေဇ

ငှါဖိနံခွံၢ်ယလံၥ ဖှါးဒုၣ်ၡၢၥနံးဖ ငှံၢ်ဒှၢ်ပှၤငံၣ်ငုၤခၣ်





ဗမာ့လွတ်လပ်ရေးတပ်မတော်  ဗန်ကောက်မြို့မှအထွက်တွင် တွေ့ရစဉ်



၁၉၄၅ ခု၊ မတ်လ ၁၇–ရက်နေ့ ဗမာ့အမျိုးသားတပ်မတော် စစ်ရေးပြနှင့် တပ်ထွက်ပွဲအခမ်းအနားအပြီး တပ်မတော်သားများ ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ်ဆီသို့ ချီတက်သွားကြစဉ်

## နိဒါန်း

## ရဲဘော်သုံးကျိပ်နှင့် ခြောက်ဆယ့်နှစ်နှစ်ကြာမှတ်တမ်း

မြန်မာနိုင်ငံသည် 'ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြာငှန်းဖြင့် နှစ်ပေါင်းပေါင်းများစွာ ရပ်တည်နိုင်သော်လည်း အစစ၊ အရာရာ ဖွံ့ဖြိုးတိုးတက်ခြင်းမရှိသဖြင့် နယ်ချဲ့အင်္ဂလိပ်တို့၏ လိမ်လည် လှည့်ဖျား၊ လုယက်၊ တိုက်ခိုက်ခြင်းကို ခံခဲ့ကြရသည်။

ထို့ကြောင့် တိုးတက်ထွန်းကားခြင်းကို ဦးမတည်နိုင်တော့ပဲ ဆုတ်ယုတ်ခဲ့ရသည်။ အဆိုးဆုံးမှာ မြန်မာတို့၏ သက်ဦးဆံပိုင်ဘုရင်ဖြစ်သော သီပေါမင်းကို အင်္ဂလိပ်အရင်းရှင်နယ်ချဲ့သမားတို့က ကြက်၊ ငှက်ကလေးလို ဖမ်းယူသွားခဲ့ခြင်းပင်။

ဤသို့ မြန်မာတို့၏ သက်ဦးဆံပိုင်ဘုရင်ကို လိမ်လည်လှည့်ဖျား၍ ဖမ်းယူသွားပြီးနောက် မြန်မာတစ်နိုင်ငံလုံးကို အင်္ဂလိပ်နယ်ချဲ့လက်အောက်သွတ်သွင်းကာ ကျွန်နိုင်ငံအဖြစ်သတ် မှတ်လိုက်လေသည်။

အင်္ဂလိပ်တို့သည် ကျွန်နိုင်ငံအဖြစ် သိမ်းပိုက်လိုက်

သော မြန်မာတို့၏ အဖိုးတန်သယံဇာတကို မြန်မာလူမျိုးတို့၏ လုပ်အားဖြင့် ရယူသည်။ လမ်းပန်းဆက်သွယ်ရေးကို မြန်မာတို့၏ အသက်သွေးဖြင့် တည်ဆောက်သည်။ မြန်မာလူမျိုးတို့ကို စည်းမျဉ်းအရမအုပ်ချုပ်ပဲ လက်နက်ကိုင်အကြမ်းဖက်တပ်များဖွဲ့စည်းကာ စစ်ရေးဖြင့် ရက်ရက်စက်စက်အုပ်ချုပ်ခဲ့သည်။

ဤသို့ဖြင့် နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာလူမျိုးတို့၏ အသွေးကိုယူခဲ့သည်။ အသားကိုယူခဲ့သည်။ သယံဇာတကို ယူခဲ့သည်။

သီပေါမင်းပါတော်မူသွားပြီးအချိန်ကထဲက နန်းတွင်းသူရဲကောင်းများသည် မြန်မာမျိုးချစ်သူရဲကောင်းတို့နှင့် ပူးပေါင်းကာ ကိုယ့်မြေ၊ ကိုယ့်ရေအတွက် ပြန်လည်တော်လှန်တိုက်ခိုက်ခဲ့ကြရာ အရှိန်အဟုန်မှာပြင်းထန်လာခဲ့သည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာတို့၏မျိုးချစ်စိတ်ကို နည်းမျိုးစုံဖြင့် ငြိမ်းသတ်ဖို့ကြိုးစားခဲ့သည်။

သို့သော် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာအတွက် အသက်သေသေ၊ အရေခမ်းခမ်း ဇွဲမလျှော့ဘူးဆို သည့် မြန်မာတို့၏စိတ်ဓါတ်ကို ဆယ်နှစ်ကျော်ကာလအထိနယ်ချဲ့အင်္ဂလိပ်တို့ မဖြိုဖျက်နိုင်။

ဆယ်နှစ်ကျော်နောက်ပိုင်းမှသာ မြန်မာတို့သည် လက်နက်အင်အား၊ လူအင်အား မမျှတသဖြင့် အားမတန် မာန်လျှော့ကာ တခဏငြိမ်သက်သွားလေသည်။

ထိုအခြေအနေကြမှ နယ်ချဲ့အင်္ဂလိပ်တို့သည် စစ်အုပ်ချုပ်ရေးကို ရုပ်သိမ်းပြီး အရပ်သားအုပ်ချုပ်ရေးကို ပြောင်းလဲအုပ်ချုပ်လေသည်။

ငါးကြင်းဆီနှင့် ငါးကြင်းပြန်ကြော်သည့် မူဝါဒကိုသုံးပြီး မြန်မာလူမျိုးအချို့ကို သူတို့၏အုပ်ချုပ်ရေး အာဏာအတွင်း သိမ်းသွင်းကာ ပြန်လည်အုပ်ချုပ်စေခဲ့သည်။

မြန်မာတို့၏ ကျွန်သက်တမ်းရှည်ရေးအတွက်လည်း ကျွန်ပညာရေးစနစ်ကျင့်သုံးခဲ့သည်။

ဝါးလုံးတစ်လုံးရလျှင် နည်းမျိုးစုံအသုံးပြုတတ်သော မြန်မာတို့သည် နယ်ချဲ့အင်္ဂလိပ်တို့ကျင့်သုံးသော ကျွန်ပညာရေး အပေါ် အခွင့်ကောင်းယူ၍ အင်္ဂလိပ်စကား၊ အင်္ဂလိပ်စာများကို ကြိုးစားသင်ယူကာ မြန်မာလွတ်လပ်ရေးအတွက် အဖွဲ့အစည်းများ လှုံ့ဝှက်တည်ထောင်လာကြသည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်သောအခါ မြန်မာတို့၏ မျိုးချစ်စိတ်၊ စည်းရုံးလှုပ်ရှားမှု အရှိန်အဟုန်မှာ အမြင့်ဆုံးအထိ ရောက်ရှိလာခဲ့သည်။

တို့ဗမာအစည်းအရုံးမှ ခေါင်းဆောင်များကလည်း မြန်မာ့လွတ်လပ်ရေးရဖို့ဆိုလျှင် လက်နက်ကိုင်တိုက်ပွဲဝင်ဖို့က လွဲပြီး အခြားမရှိဆိုသော မှန်ကန်သည့်အကြောင်းအရာကို မြင်ယာကြ သည်။

ထိုသို့လက်နက်ကိုင်တိုက်ပွဲဝင်ရာတွင်လည်း နိုင်ငံရပ်ခြား တိုင်းပြည်အကူအညီမပါပဲ တိုက်ပွဲဆင်နွဲလို့မရမှန်း သိနားလည် ကြသည်။

ထို့ကြောင့် သခင်များဦးစီးသော တို့ဗမာအစည်းအရုံးမှ ခေါင်းဆောင်များသည် စစ်လက်နက်၊ စစ်အသုံးအဆောင် စစ်အင်အားရရှိရန်အတွက် နိုင်ငံရပ်ခြားအကူအညီရရှိရန် သိုသိုသိပ်သိပ်ကြိုးစားကြလေသည်။

သခင်ကိုယ်တော်မှိုင်းဦးဆောင်သော တို့ဗမာအစည်းအရုံးခေါင်းဆောင်များသည် စစ်လက်နက်၊ စစ်အသုံးအဆောင်၊ စစ်အင်အားရရှိရန်အတွက် မြန်မာပြည်နှင့် နယ်မြေတဆက်တည်းဖြစ်နေသော တရုတ်နိုင်ငံကို ဦးတည်လိုက်

သဖြင့် သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့သည် ပင်လယ်လမ်းကြောင်းဖြင့် ထွက်ခွာသွားကြသည်။

ထိုနည်းအတူ သခင်ဗစိန်၊ သခင်ထွန်းအုပ်တို့ဦးစီးသော တို့ဗမာအစည်းအရုံးခေါင်းဆောင်များကလည်း ဂျပန်နိုင်ငံကို ထွက်ခွာသွားခဲ့ကြသည်။

ဤသို့ဖြင့် တို့ဗမာအစည်းအရုံးခေါင်းဆောင်များသည် ယုံကြည်ချက်ကိုယ်စီဖြင့် တကွဲတပြားထွက်ခွာသွားခဲ့ကြသည်။ သို့သော် ဦးတည်ချက်မှာ တူညီနေသဖြင့် ဂျပန်နိုင်ငံတွင် ပြန်ဆုံကာ ရဲဘော်သုံးကျိပ်နှင့်အတူ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်းထူထောင်ခဲ့ကြသည်။

ထို့နောက် ဂျပန်တို့၏ အကူအညီအဖြစ် ဗိုလ်မှူးကြီး ဆူဇူကီးကို မြန်မာအမည်ဗိုလ်မိုးကြိုးဟု အမည်မှည့်ကာ ဗမာ့လွတ် လပ်ရေးတပ်မတော်ကို ဗိုလ်ချုပ်ကြီးအဖြစ် ကွတ်ကဲအုပ်ချုပ် စေပြီး စစ်ကြောင်းများခွဲကာ မြန်မာပြည်တွင်းကို ပြန်လည်ဝင် ရောက်လာပြီး နယ်ချဲ့အင်္ဂလိပ်တို့ကို မြန်မာ့မြေပြင်မှ မောင်း ထုတ်နိုင်ခဲ့သည်။

သို့သော် ဂျပန်တို့သည် ကတိစကားအရ မြန်မာ့နိုင်ငံကို လွတ်လပ်သောနိုင်ငံအဖြစ် ကြော်ငြာခွင့်မပေးခဲ့ပေ။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ရဲဘော်သုံးကျိပ်ဝင်တို့သည် ဂျပန်တို့ကို တိုက်ခိုက်ရန်အတွက် အင်္ဂလိပ်တို့အကူအညီပြန်လည်ရယူကာ မြန်မာ့မြေပေါ်ကနေ မောင်းထုတ်ခဲ့ရသည်။

ဤသို့ဖြင့် ဖောက်ပြန်သောအင်္ဂလိပ်အရင်းရှင်နှင့် ရက်စက်ကြမ်းကြုတ်သော ဖက်ဆစ်ဂျပန်တို့ကို မြန်မာ့မြေပေါ်ကနေ စွန့်ခွာထွက်ပြေးအောင် အနုနည်း၊ အကြမ်းနည်းတို့ဖြင့် အသက် သွေးပေါင်းမြောက်များစွာရင်းကာ ပြင်းပြင်းထန်ထန် တိုက်ပွဲဝင်ခဲ့သဖြင့် ၆၂နှစ်ကျော်အကြာတွင် လွတ်လပ်သော နိုင်ငံအဖြစ် ကြေငြာနိုင်ခဲ့သည်။

မြန်မာလွတ်လပ်ရေးကို ရယူပေးခဲ့သောရဲဘော်သုံးကျိပ်ဝင်များ


| စဉ် | အမည် | ဂျပန်အမည် | ဗိုလ်အမည် |
|---|---|---|---|
| ၁။ | သခင်အောင်ဆန်း | Omoda Monji | ဗိုလ်တေဇ |
| ၂။ | သခင်ရှုမောင် | Takasugi Susumu | ဗိုလ်နေဝင်း |
| ၃။ | သခင်ကျော်စိန် | [redacted]shi | ဗိုလ်မိုးညို |
| ၄။ | သခင်ခင်မောင်ဦး | Monya Masaru | ဗိုလ်တာရာ |
| ၅။ | သခင်ငွေ | Katsura | ဗိုလ်စောအောင် |
| ၆။ | သ[redacted]င် | Yamoka Kiyashi | ဗိုလ်[redacted]င်းခေါင် |
| ၇။ | သခင်စံမြ | Nakagawa Ichiro | ဗိုလ်တောက်တိန် |
| ၈။ | သခင်စံလှိုင် | Omura Iadashi | ဗိုလ်အောင် |
| ၉။ | သခင်စိုး | Kono | ဗိုလ်မြင့်အောင် |
| ၁၀။ | ကိုဆောင်း | [redacted]iroshi | ဗိုလ်ထိန်ဝင်း |
| ၁၁။ | သခင်တင်အေး | [redacted] Seiji | ဗိုလ်ဘုန်းမြင့် |
| ၁၂။ | သခင်ထွန်းခင် | Nakamura Hitoshi | ဗိုလ်မြင့်ဆွေ |
| ၁၃။ | ကိုထွန်းရှိန် | Yamashita Teruo | ဗိုလ်ရန်နိုင် |
| ၁၄။ | သခင်ထွန်းရွှေ | Utsumi Susumu | ဗိုလ်လင်းယုန် |
| ၁၅။ | သခင်ထွန်းလွင် | Otani Hiroshi | ဗိုလ်ဗလ |
| ၁၆။ | သခင်ထွန်းအုပ် | Ichihara Ishiro | |

| | | |
|---|---|---|
| ၁၇။ သခင်ဗဂျမ်း | Baba Takeshi | ဗိုလ်လရောင် |
| ၁၈။ သခင်မောင်မောင် | Tsuchiya | ဗိုလ်ညာဏ |
| ၁၉။ ကိုရွှေ | Toniguchi shin-ichi | ဗိုလ်ကျော်ဇော |
| ၂၀။ သခင်လှ | Ito Hitochi | ဗိုလ်မင်းရောင် |
| ၂၁။ သခင်လှဖေ | Tani Kiyashi | ဗိုလ်လကျာ |
| ၂၂။ ကိုလှမောင် | Kaga Masahi | ဗိုလ်ဇေယျ |
| ၂၃။ သခင်လှမြိုင် | Itoda Tei-ichi | ဗိုလ်ရန်အောင် |
| ၂၄။ သခင်သစ် | Osawa | ဗိုလ်စောနောင် |
| ၂၅။ သခင်သန်းညွန့် | Okawa | ဗိုလ်ဇင်ယော် |
| ၂၆။ သခင်သန်းတင်(၁) | Yamada | ဗိုလ်သန်းတင် |
| ၂၇။ သခင်သန်းတင်(၂) | Tsubota | ဗိုလ်မြဒင် |
| ၂၈။ သခင်အေးမောင် | MIZUNO Sababuro | ဗိုလ်မိုး |
| ၂၉။ သခင်အောင်သန်း | Hirata Masao | ဗိုလ်စကြာ |
| ၃၀။ ကိုအောင်သိန်း | Hayashi | ဗိုလ်ရဲထွဋ် |

တို့ဖြစ်ကြသည်။

[illegible]





ဗိုလ်ချုပ်အောင်ဆန်း(ဗိုလ်တေဇ)

## ဗိုလ်ချုပ်အောင်ဆန်း([illegible])

တပ်မတော်ဖခင်ကြီးဖြစ်လာမည့် ဗိုလ်ချုပ်အောင်ဆန်းကို ၁၉၁၅ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ရက်နေ့တွင် မကွေးခရိုင်၊ နတ်မောက်မြို့၌ မွေးဖွားခဲ့သည်။

မိဘများမှာ ရှေ့နေဦးဖာနှင့် ဒေါ်စုတို့ဖြစ်သည်။ ဇာတာအရ စနေသားမို့လို့ မောင်ထိန်လင်းဟု အမည်မှည့်သော်လည်း မိဘများက အစ်ကိုဖြစ်သူမောင်အောင်သန်းနှင့် လိုက်ဖက်ရန် မောင်အောင်ဆန်းဟု ခေါ်တွင်ခဲ့သည်။ ဗမာလူမျိုးဗုဒ္ဓဘာသာဖြစ်သည်။

၁၉၂၂ခုနှစ် အသက်ခုနစ်သားအရွယ်တွင် နတ်မောက်မြို့ရှိ ဆရာတော်ဦးသောဘိတ၏ ဒီပက်ရာကျောင်း၌ စတင်ပညာသင်ကြားခဲ့သည်။ ထို့နောက် ၁၉၂၈ခုနှစ်တွင် ရေနံချောင်းမြို့ရှိ အမျိုးသားအထက်တန်းကျောင်းတွင် အစ်ကိုကြီး ဖြစ်သူ ဦးဘဝင်း၏အကူအညီဖြင့် ဆက်လက်ပညာသင်ကြား ခဲ့သည်။

သတ္တမတန်း၌အစိုးရပညာသင်ဆုနှင့် ဦးရွှေခိုဆုကို ရရှိခဲ့သည်။ ၁၉၃၂ခုနှစ်တွင် ဒသမတန်းကို ပါဠိနှင့်မြန်မာစာ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သည်။

၁၉၃၂-၃၃ ပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားပြီး ကျောင်းသားဘဝတွင် ရန်ကုန် တက္ကသိုလ် အပျော်တမ်း စစ်တပ်အဖွဲ့၌ ဝင်ရောက် စစ်ပညာ သင်ကြားခဲ့သည်။

၁၉၃၅-၃၆ ပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂ (တ-က-သ) အမှုဆောင်အဖွဲ့ဝင်၊ ပြန်ကြားရေးဌာန တာဝန်ခံနှင့် အိုးဝေမဂ္ဂဇင်း အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ အိုးဝေမဂ္ဂဇင်းတွင် ပါရှိသော ဦးညိုမြ၏"ငရဲ ခွေးကြီး လွတ်နေပြီ" ဆောင်းပါး ရေးသူအမည် ကို ထုတ်ဖော် မပြော၍ ၁၉၃၆ မတ်လတွင် တက္ကသိုလ်မှ ၃ နှစ်ယာယီထုတ် ပယ်ခြင်း ခံရသည်။

၁၉၃၆ ရန်ကုန်တက္ကသိုလ် ဒုတိယကျောင်းသား သပိတ်တွင် ခေါင်းဆောင်ဖြစ်လာသည်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်း သားများသမဂ္ဂအသင်း(ဗ-က-သ). ကိုစတင် ထူ ထောင်ရာတွင် ပါဝင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ် ကျောင်းသား

သပိတ် လှန်ပြီးနောက် တက္ကသိုလ်သို့ ပြန်လည်တက်ရောက်ခဲ့သည်။

၁၉၃၆- ၃၇ ပညာသင်နှစ်တွင် တ-က-သ ဒုတိယဥက္ကဋ္ဌနှင့် ဗ-က-သ အမှုဆောင်အဖြစ်ဆောင်ရွက်ပြီးပဲခူးဆောင်သဟာယနှင့် စာဖတ်အသင်း ဥက္ကဋ္ဌဖြစ်လာသည်။ ၁၉၃၇ခုနှစ်မေလတွင် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။

၁၉၃၇ ဇွန်လတွင် ဗ-က-သမှ ဖွဲ့စည်းခန့်အပ်သည့် တက္ကသိုလ် အက်ဥပဒေပြင်ဆင်ရေးကော်မတီတွင်ဆော်ဩသူအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၃၇- ၃၈ ပညာသင်နှစ်တွင် ဥပဒေပညာကို ဆက်လက်သင်ကြားခဲ့သည်။ ထိုနှစ်တွင် တ-က-သအရန်အလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် ဗ-က-သ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

၁၉၃၈ခုနှစ် နှစ်ဦးတွင် ဗြိတိသျှအစိုးရက ရန်ကုန်တက္ကသိုလ်အက်ဥပဒေပြင်ဆင်ရေးကော်မတီတွင်အဖွဲ့ဝင်အဖြစ်ခန့်အပ်ခဲ့သည်။ ၁၉၃၈-၃၉ပညာသင်နှစ်တွင်တ-က-သဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဗ-က-သ ဥက္ကဋ္ဌအဖြစ်လည်းကောင်းဆောင်ရွက်ခဲ့သည်။

၁၉၃၈ ဩဂုတ်လ ကျောင်းပိတ်ရက်တွင် ရန်ကုန်တက္က

သိုလ်မှ ထွက်ခဲ့သည်။ ထိုနှစ် နိုဝင်ဘာ(၃)ရက်နေ့တွင် ဥက္ကဋ္ဌ အဖြစ်မှ နုတ်ထွက်ခဲ့သည်။

၁၉၄၀ပြည့်နှစ် ဇွန်လ (၅)ရက်နေ့တွင် ရန်ကုန် တက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့တွင် ပထမဆုံးရန်ကုန်တက္ကသိုလ် ဇွန် ၅ရက်တွင် ကျောင်းသားများ ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက် ခြင်းခံရသည်။

သခင်အောင်ဆန်းသည် ရန်ကုန်တက္ကသိုလ်မှ ထွက်ခဲ့ပြီးနောက် ၁၉၃၈ အောက်တိုဘာလတွင် သခင်ကိုယ်တော်မှိုင်း တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်ခဲ့ပြီး ဌာနချုပ်အလုပ်အမှု ဆောင်အဖွဲ့တွင် ဝါဒဖြန့်ချိရေး တာဝန်ယူခဲ့သည်။ ၁၉၃၈ခုနှစ် နိုဝင်ဘာ(၃)ရက်နေ့တွင် တကသနှင့် ဗကသဥက္ကဋ္ဌအဖြစ်မှနုတ် ထွက်ခဲ့သည်။ ၁၉၃၈ခုနှစ် နိုဝင်ဘာ (၂၆)ရက်နေ့တွင် တို့ဗမာ အစည်းအရုံး အထွေထွေအတွင်းရေးမှူး ဖြစ်လာခဲ့သည်။ သခင် အောင်ဆန်းသည် တို့ဗမာအစည်းအရုံး အထွေထွေအတွင်း ရေး မှူးဘဝဖြင့် အမျိုးသားနိုင်ငံရေးကို အဆင်းရဲအပင်ပန်းခံ ကာ ဆောင်ရွက်ခဲ့သည်။

၁၃၀၀ပြည့် အရေးတော်ပုံတွင် အားပေးကူညီသည့် အတွက် ၂၃ဇန်နဝါရီ ၁၉၃၉ ခုနှစ်တွင် ဗြိတိသျှအစိုးရက ဖမ်း

ဆီးခဲ့ပြီး မကြာမီအာမခံဖြင့် ပြန်လွှတ်ပေးခဲ့သည်။

၁ရက် ဩဂုတ်လ ၁၉၃၉ခုနှစ်တွင် ဗမာ့ထွက်ရပ်ဂိုဏ်း ဖွဲ့စည်းရာတွင် အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၈ နိုဝင်ဘာ ၁၉၃၉ခုနှစ်• မြေအောက်လျှို့ဝှက်အဖွဲ့ဖွဲ့စည်းရာတွင် နိုင်ငံခြားဆက်သွယ်ရေးခေါင်းဆောင်အဖြစ်တာဝန်ယူခဲ့သည်။

၂၉ မတ် ၁၉၄၀ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံ ရမ်းဂါး (Ramgarh) မြို့တွင် ကျင်းပသော အိန္ဒိယအမျိုးသားကွန်ဂရက်ညီလာခံသို့ တက်ရောက်ခဲ့သည်။

၁ရက် ဇွန်လ ၁၉၄၀ပြည့်နှစ်၌ ဟသ်ာတစီရင်စုဇလွန်မြို့တွင် အစိုးရအကြည်ညိုပျက်အောင် တရားဟောပြောသဖြင့် ၂၉ဇွန် ၁၉၄၀ပြည့်နှစ်တွင် ဟသ်ာတစီရင်စု ရာဇဝတ်တန် မစ္စတာဇေး ဗီးယား (Mr. Xavier )က သခင်အောင်ဆန်းကိုမိလျှင် ဆုငွေ ၅/-ပေးမည်ဟု ကြေညာခဲ့ သည်။ ထိုအမိန့်ကို ၂၀ဩဂုတ် ၁၉၄၀ပြည့်နှစ်တွင် ပြန်လည်ရုပ်သိမ်းခဲ့သည်။ ထိုနှစ်မှာပင် ဇွန် ၅ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့တွင် ပထမဆုံးတက္ကသိုလ် ကျောင်းသားများကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရလေသည်။

သို့သော် သခင်အောင်ဆန်းသည် မြန်မာလွတ်လပ်ရေးအတွက် ပြည်ပထွက်၍ နိုင်ငံခြားအကူအညီရှာရန် ဆုံးဖြတ်ခဲ့ပြီး တရုတ်ကွန်မြူနစ်ပါတီနှင့် ဆက်သွယ်ရန် တန်လွန်ရှောင် ဟူသော တရုတ်အမည်ခံယူ၍ ၁၉၄၀ပြည့်နှစ် ဩဂုတ်(၈)ရက်တွင် နော်ဝေပိုင် ဟိုင်လီသင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့သည်။ ထို့နောက် ဩဂုတ် ၂၈ရက်နေ့တွင် အမွိုင်ရှိ ကူလန်စုကျွန်း(Kulangsu Island )သို့ ရောက်ရှိခဲ့သည်။ အမွိုင်မြို့တွင် တရုတ်ကွန်မြူနစ်ပါတီနှင့် အဆက်အသွယ်မရ၍ သောင်တင်နေစဉ် မြန်မာနိုင်ငံရှိရဲဘော်များ၏ ကြိုးပမ်းချက်အရ ဂျပန်နှင့်ဆက်သွယ်မိခဲ့သည်။

ဗိုလ်မှူးကြီး စူဇူကီးသည် သခင်အောင်ဆန်းတို့အား အမွိုင်မှ ဂျပန်သို့ဆက်သွယ်ခေါ်ယူခဲ့သောကြောင့် ၁၉၄၀ပြည့်နှစ် နိုဝင်ဘာ ၁၂ရက်နေ့တွင် ဂျပန်နိုင်ငံရောက်ရှိခဲ့သည်။ သခင်အောင်ဆန်းသည် ဂျပန်နိုင်ငံတွင် မြန်မာ့လွတ်လပ်ရေးလုပ်ငန်းစဉ်များ ညှိနှိုင်းဆောင်ရွက်ပြီးနောက် မြန်မာပြည်တွင်းရှိ ရဲဘော် ရဲဘက်များနှင့်တိုင်ပင်ရန် မြန်မာနိုင်ငံသို့ ရှန်းတင်းမာရူး သင်္ဘောဖြင့် ပြန်လာခဲ့ရာ ၁၉၄၁ခုနှစ် မတ်လ ၃ရက်နေ့တွင် ရန်ကုန်ရောက်ရှိပြီး ပြည်သူ့အရေးတော်ပုံ

ပါတီဝင်များနှင့် မြန်မာ့လွတ်လပ်ရေးလုပ်ငန်းစဉ်များကို တိုင်ပင်ဆွေးနွေးခဲ့ သည်။

၁၉၄၁ခုနှစ် မတ်လ (၁၀)ရက်နေ့တွင် ရွှန်းတင်းမာရူး သင်္ဘောဖြင့် ဂျပန်နိုင်ငံသို့အပြန်တွင် ရဲဘော်သုံးကျိပ်၏ ပထမ အသုတ်ဖြစ်သော သခင်လှဖေ၊ သခင်ဗဂျမ်း၊ သခင်အေးမောင်၊ ကိုထွန်းရှိန်တို့ကို ခေါ်ဆောင်သွားခဲ့ပြီး ၁၉၄၁ခုနှစ် မတ်လ ၂၇ရက်နေ့တွင် တိုကျိုမြို့သို့ရောက်ရှိခဲ့သည်။ ထိုမှတစ်ဆင့် စစ်ပညာသင်ကြားရန် ၁၉၄၁ခုနှစ် ဧပြီလတွင် ဟိုင်နန်ကျွန်း သို့ သွားရောက်ခဲ့သည်။ ဟိုင်နန်းကျွန်းနှင့် ထိုင်ဝမ်းကျွန်းတွင် စစ်ပညာများသင်ကြားခဲ့သည်။ ထို့နောက် ထိုင်းနိုင်ငံ ဗန် ကောက်မြို့တွင် လက်မောင်းသွေးဖောက်၍ သစ္စာပြုကာ ဗမာ့ လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)ကို ၂၇ ဒီဇင်ဘာ ၁၉၄၁ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။

ထို့နောက် ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ဌာနချုပ် နှင့် မော်လမြိုင်စစ်ကြောင်းတွင် ဒုတိယစစ်သေနာပတိအဖြစ် ဦးဆောင်ပြီး မြန်မာနိုင်ငံတွင်းသို့ ချီတက်ကာ ဗြိတိသျှတို့ကို တိုက်ခိုက်ခဲ့သည်။

၁၉၄၂ခုနှစ် ဇူလိုင် ၂၇ရက်နေ့တွင် ဘီအိုင်အေဖျက် သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ)ဖွဲ့စည်းသော

အခါ ဗိုလ်မှူးကြီးအဆင့်ဖြင့် ဘီဒီအေ၏ စစ်သေနာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၃ခုနှစ် မတ်လတွင် ဗိုလ်ချုပ်ရာထူး ငိုးမြှင့်ပေးခြင်းခံရသည်။

ဂျပန်အစိုးရ၏ ဖိတ်ကြားချက်အရ ၁၉၄၃ခုနှစ် မတ် ၁၁ရက်တွင် ဒေါက်တာဘမော်၊ ဒေါက်တာသိမ်းမောင်နှ သခင်မြ တို့နှင့်အတူ ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သည်။ ၁၉၄၃ခုနှစ် ဩဂုတ် ၁၂ရက်နေ့တွင် မြန်မာနိုင်ငံအစိုးရဖွဲ့စည်းသောအခါ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး (စစ်ဝန်ကြီး)အဖြစ် တာဝန်ယူ ခဲ့သည်။

ထို့နောက် မြန်မာပြည်သူတို့အား ဖိနှိပ်အုပ်ချုပ်ခဲ့သော ဖက်ဆစ်ဂျပန်တို့ကို တော်လှန်ရန် ၁၉၄၄ခုနှစ် ဩဂုတ် ၄ရက် မှ ဩဂုတ် ၇အထိ ပဲခူးမြို့ စံပြတပ်ရင်းတွင် ဗမာပြည်ကွန်မြူ နစ်ပါတီကိုယ်စားလှယ် သခင်စိုး၊ သခင်သန်းထွန်း၊ သခင်ဗဟိန်း တို့နှင့် တွေ့ဆုံဆွေးနွေးကာ ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ ဖွဲ့စည်း ရန် ဆုံးဖြတ်ခဲ့သည်။ ၁၉၄၄ခုနှစ် ဩဂုတ် ၂၃ရက်တွင် ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ ဖွဲ့စည်းရေးအတွက် အစည်း အဝေးခေါ် ယူခဲ့သည်။ ၁၉၄၅ခုနှစ် မတ်လ ၁ရက်မှ ၃ရက် အထိ ရန်ကုန်မြို့နေအိမ်တွင် ဖက်ဆစ်ဂျပန်တို့ကို တော်လှန်

တိုက်ခိုက်ရန် အစီအစဉ်များချမှတ်ခဲ့သည်။ ၁၉၄၅ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဂျပန်တော်လှန်ရေးစတင်သောအခါ ရှေ့တန်းစစ်ဌာနချုပ်တွင် တာဝန်ယူပြီး ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တိုက်ခိုက်ခဲ့သည်။

၁၉၄၅ခုနှစ် မေ ၁၆ရက်နေ့တွင် မိတ္ထီလာမြို့၌ ဗြိတိသျှဗိုလ်ချုပ်ဆာဝီလီယံစလင်း (Sir Willian Slim )နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ မေ ၁၉ရက်နေ့တွင် မိတ္ထီလာမှ ရန်ကုန်သို့ လေယာဉ်ဖြင့် ရောက်ရှိခဲ့သည်။ ဩဂုတ် ၁၂ရက်နေ့တွင် ဗမာ့တပ်မတော်၊ ခေါင်းဆောင်အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ သည်။ ဩဂုတ် ၁၉ရက်နေ့တွင် ကျင်းပသော နေသူရိန်ညီလာ ခံတွင် သဘာပတိအဖြစ် ဆောင်ရွက်သည်။ ထိုလမှာပင် ဖက် ဆစ်တိုက်ဖျက်ရေးအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင် မြှောက်ခံရသည်။

ဗမာ့တပ်မတော်အရေးနှင့်ပတ်သက်၍ ၁၉၄၅ခုနှစ်တွင် စက်တင်ဘာ ၇ရက်တွင် ကန္ဒီသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။ အရှေ့တောင်အာရှ မဟာမိတ် စစ်သေနာပတိချုပ် မောင့်ဘက်တန်က ဗမာ့တပ်မတော်တွင် ဗိုလ်မှူးချုပ်ရာထူးဖြင့် ဒုတိယစစ်ဆေးရေး အရာရှိချုပ်အဖြစ်ခန့်အပ် မည်ဟု

ကမ်းလှမ်းခဲ့သည်။ သို့သော် လုံးဝလက်မခံပေ၊ ဗိုလ်ချုပ်အောင်ဆန်းသည် တပ်မတော်သားဘဝကို လိုလားသော်လည်းထို့နောက် မြန်မာ့လွတ်လပ်ရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရန် ၁၉၄၅ခုနှစ် အောက်တိုဘာ ၂၇ရက်နေ့တွင် မျိုးချစ်ဗမာ့တပ်မတော်၏ ဗိုလ်ချုပ်ရာထူးမှ နုတ်ထွက်ခဲ့ပြီး နိုင်ငံရေးနယ်ပယ်သို့ ပြန်လည်ဝင်ရောက်ခဲ့သည်။

မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်က ဖ-တ-ပ-လအား အမှုဆောင်ကောင်စီ (ဝန်ကြီးအဖွဲ့)တွင် ပါဝင်ရန် ဖိတ်ခေါ်ခဲ့သော်လည်း မိမိတို့တောင်းဆိုချက်များမရ၍ အမှုဆောင်ကောင်စီသို့ မဝင်ခဲ့ပဲ မြန်မာပြည်သူလူထု၏ အင်အားဖြင့်မြန်မာ့လွတ်လပ်ရေးတိုက်ပွဲကို ဆက်လက်ဆင်နွှဲခဲ့သည်။ ၁၉၄၅ခုနှစ် ဒီဇင်ဘာ ၁၂ရက်တွင် စစ်သေနာပတိအဖြစ်တာဝန်ယူ၍ ပြည်သူ့ရဲဘော်တပ်ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ၁၉၄၆ဇန်နဝါရီလတွင် ကျင်းပသော ဖ-တ-ပ-လ ပထမဆုံး ပြည်လုံးကျွတ်ညီလာခံတွင် ဖ-ဆ-ပ-လ ဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခံရသည်

ဘုရင်ခံ ဆာဒေါ်မန်စမစ်၏ အုပ်ချုပ်ရေးကာလတွင်မြန်မာပြည်သူတို့၏ မကျေနပ်မှုပိုမိုကြီးထွားလာပြီး နိုင်ငံရေး

မငြိမ်မသက်ဖြစ်လာခဲ့သောကြောင့် ဗြိတိသျှအစိုးရက ဆာဒေါ်မန်စမစ်ကို အင်္ဂလန်သို့ပြန်ခေါ်ပြီး ဆာဟူးဘတ်ရန့်စ်ကို စေလွှတ်ခဲ့သည်။ ဆာဟူးဘတ်ရန့်စ်သည် အမှုဆောင်ကောင်စီ တွင်ပါဝင်ရန် ဖ-ဆ-ပ-လကို ဖိတ်ခေါ်ခဲ့သည်။ ထို့ကြောင့် ၁၉၄၆ ခုနှစ် စက်တင်ဘာ ၂၆ရက်နေ့တွင် အမှုဆောင်ကောင် စီတွင် ဒုတယဉက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ကာကွယ်ရေးဌာနနှင့် နိုင်ငံခြား ရေးဌာနများကို တာဝန်ယူခဲ့သည်။

၁၉၄၆ခုနှစ် နိုဝင်ဘာ ၈ရက်နေ့တွင် ဗြိတိသျှအစိုးရထံ မြန်မာနိုင်ငံကို တစ်နှစ်အတွင်း လွတ်လပ်ရေးပေးရန် တောင်းဆိုခဲ့သဖြင့် အင်္ဂလန်နန်းရင်းဝန်မစ္စတာအက်တလီက ၁၉၄၆ ခုနှစ် ဒီဇင်ဘာ ၂၀ရက်နေ့တွင် ဗြိတိသျှပါလီမန် အောက်လွှတ်တော်၌ မြန်မာကိုယ်စားလှယ်အဖွဲ့ကို အင်္ဂလန်နိုင်ငံသို့ ဖိတ်ခေါ်ဆွေးနွေးရန် ကြေညာခဲ့သည်။

ထို့နောက် အင်္ဂလန်သို့သွားရောက်ပြီး ဗြိတိသျှအစိုးရကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးကာ ၁၉၄၇ခုနှစ် ဇန်နဝါရီ ၂၇ရက်နေ့တွင် အောင်ဆန်းအက်တလီစာချုပ်ကို ချုပ်ဆိုခဲ့သည်။

ပြည်မနှင့်တောင်တန်းဒေသများပေါင်းစည်း၍ မြန်မာ့လွတ်လပ်ရေး ရယူနိုင်ရန်အတွက် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီ ၁၂

ရက်နေ့ တိုင်းရင်းသားခေါင်းဆောင်များနှင့် ပင်လုံစာချုပ် ချုပ်ဆို ခဲ့သည်။ ဧပြီ ၉ရက်နေ့တွင် ကျင်းပသော တိုင်းပြည်ပြု လွှတ်တော်ရွေးကောက်ပွဲတွင် ဖ-ဆ-ပ-လ အမတ်လောင်း အဖြစ် ရန်ကုန်မြို့မ (လမ်းမတော်)မဲဆန္ဒနယ်မြေမှ ဝင်ရောက် အရွေးခံရာ လွှတ်တော်အမတ်အဖြစ် ပြိုင်ဘက်မရှိ ရွေး ကောက်တင်မြှောက်ခံရသည်။ ၁၉၄၇ခုနှစ် မေ ၁၉မှ ၂၃ရက် အထိကျင်းပသော ဖဆပလ ပဏာမ ပြင်ဆင်မှုညီလာခံသို့ တက် ရောက်ခဲ့သည်။ ၁၉၄၇ခုနှစ် ဇွန် ၁၆ရက်တွင် တိုင်းပြုပြည်ပြု လွှတ်တော်ညီလာခံ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် အခြေခံမူ များကိုတင်သွင်းခဲ့သည်။

**ရရှိသောဆုတံဆိပ်များ**

၂၂ မတ် ၁၉၄၃ခုနှစ်တွင် တိုကျိုမြို့၌ ဂျပန်ဘုရင် ဟီရိုဟီတို၏ တက်နေဝန်းတံဆိပ် (တတိယဆင့်)နှင့် ဓါးလွယ် လတ် ချီးမြှင့်ခြင်းခံခဲ့ရသည်။

၄ စက်တင်ဘာ ၁၉၄၄ခုနှစ်တွင် ရန်ကုန်မြို့၌ ဂျပန် ဘုရင် ဟီရိုဟီတို၏ မွန်မြတ်သောရတနာ (ပထမဆင့်) ဘွဲ့တံ ဆိပ် ချီးမြှင့်ခြင်းခံခဲ့ရသည်။

၂၇ မတ် ၁၉၅၉ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေးကြိုး
ပမ်း မှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုး
လွတ် လပ်ရေးအတွက် သက်စွန့်ဆံဖျား ကြိုးပမ်းဆောင်ရွက်ခဲ့မှု
ကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်းအထိမ်းအမှတ်အဖြစ်
လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) တံဆိပ် ချီးမြှင့်ဂုဏ်
ပြုခြင်းခံခဲ့ရသည်။

**ဘဝနိဂုံး**

၁၉ ဇူလိုင် ၁၉၄၇ခုနှစ်တွင် အတွင်းဝန်များရုံး၌ ဝန်ကြီး
များ အစည်းအဝေးကျင်းပနေစဉ် ဂဠုန်ဦးစော၏ နောက်လိုက်
လူသတ်သမားများက လုပ်ကြံသတ်ဖြတ်၍ ကျဆုံးသည်။ ရုပ်
ကလပ်ကို ၁၉၄၈ခုနှစ် ဧပြီ ၁၁ရက်နေ့တွင် ဂျူဗလီဟော
အာဇာနည်ကုန်းသို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်သည်။

**လက်မှတ်**





ဗိုလ်နေဝင်း

## ဗိုလ်ချုပ်ကြီးနေဝင်း

ဗိုလ်ချုပ်ကြီးနေဝင်းကို ၁၉၁၀ခုနှစ် ဇူလိုင် ၆ရက်နေ့တွင် ပြည်ခရိုင်၊ ပေါင်းတည်မြို့၌ မွေးဖွားခဲ့သည်။

မိဘများမှာ ဦးဖိုးခနှင့် ဒေါ်မိလေးတို့ဖြစ်ကြသည်။ အမည်ရင်းမှာ ရှုမောင်ဖြစ်ပြီး အစည်းအရုံးကိုဝင်သည့်အခါ သခင်ရှုမောင် ဖြစ်လာခဲ့သည်။

၁၉၂၉ခုနှစ်တွင် ဒဿမန်းအောင်မြင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်၌ ဥပစာသိပ္ပံ (ခ) တန်းအထိ ပညာသင်ကြားခဲ့သည်။

၁၉၃၁ခုနှစ်တွင် တက္ကသိုလ်မှထွက်ပြီး မီးရထားစာတိုက်ဌာနတွင် ၆ လခန့်အမှုထမ်းခဲ့သည်။

ထို့နောက် စာတိုက်နှင့်ကြေးနန်းဌာနတွင် နှစ်နှစ်ခန့်အမှုထမ်းခဲ့သည်။

စာပို့နှင့်ကြေးနန်းဌာနတွင် ဝင်ရောက်အလုပ်လုပ်ကိုင်နေစဉ် တို့ဗမာအစည်းအရုံးဝင်များဖြစ်သည့် သခင်ဗစိန်၊ သခင်ထွန်းအုပ်၊ သခင်ညို၊ သခင်အောင်သန်း(ဗိုလ်စကြာ)တို့နှင့် ရင်းနှီးရာမှ တို့ဗမာအစည်းအရုံး လုပ်ငန်းများကို အချိန်ပိုင်းဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် စာတိုက်မှထွက်ပြီး တို့ဗမာအစည်းအရုံးဝင် သခင်တစ်ဦးအနေဖြင့် အမျိုးသားနိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ခဲ့သည်။ ၁၉၃၈ခုနှစ် တို့ဗမာအစည်းအရုံးနှစ်ခြမ်းကွဲသောအခါ သခင်ထွန်းအုပ်၊ သခင်ဗစိန် တို့ဗမာအစည်းအရုံးတွင်ပါဝင်ခဲ့သည်။

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ရန် စတုတ္ထအသုတ်နှင့်အတူ ၁၉၄၁ခုနှစ် ဇူလိုင် ၈ရက်တွင် ကိုရီယူမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှထွက်ခွာခဲ့ရာ ဇူလိုင် (၂၂)ရက်တွင် ရှန်ဟိုင်းသို့ရောက်ရှိခဲ့သည်။ ဇူလိုင် ၂၄ရက်တွင် ရှန်ဟိုင်းမှလေယာဉ်ပျံဖြင့် ဂျပန်နိုင်ငံ ကျူးရှူးကျွန်း၊ နာဂါဆာကီးမြို့အနီးရှိ ရေတပ်စခန်းသို့ရောက်ရှိခဲ့သည်။ ဩဂုတ် ၈ရက်နေ့တွင် ကိုကျိုမှ ဟိုင်နန်ကျွန်းသို့ လေယာဉ်ပျံဖြင့်သွားရောက်ရာ ဩဂုတ် ၁၁ရက်တွင် ရောက်ရှိခဲ့သည်။ ဟိုင်နန်ကျွန်းနှင့် တိုင်ဝမ်းကျွန်းတွင် စစ်ပညာများသင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ) မြန်မာနိုင်ငံတွင်း မချီတက်မီ ပြည်တွင်းသူပုန်လုပ်ငန်းများဆောင်ရွက်ရန် ပြည်တွင်းသူပုပ်တပ်ဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံတွင်းဝင်ရောက်ခဲ့ပြီး ၁၉၄၂ခုနှစ် ဖေဖော်ဝါရီ ၂ရက်နေ့တွင် ရန်ကုန်၌ ပြည်သူ့အရေးတော်ပုံပါတီဝင်များနှင့် ဆက်သွယ်ကာ စစ်ပညာသင်တန်းပေးခြင်း၊ စစ်လက်နက်ငယ်များ သင်တန်းပေးခြင်းနှင့် မြေအောက်တော်လှန်ရေးလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် ရန်ကုန်မြို့ကို သိမ်းပိုက်ပြီးနောက် ဘီအိုင်အေ တပ်မကြီး ၂၏ တပ်မမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၂ခုနှစ် ဇူလိုင် ၂၇ရက်နေ့တွင် ဘီအိုင်အေကိုဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)ဖွဲ့စည်းသောအခါ ဗိုလ်မှူးအဆင့်ဖြင့် တပ်ရင်း ၁၏ တပ်ရင်းမှူးအဖြစ် ဆောင်ရွက်သည်။ ထို့နောက် ဗိုလ်မှူးကြီးအဆင့်ဖြင့် ဘီဒီအေနှင့် ဗမာ့အမျိုးသားတပ်မတော်(Burma National Army ) တို့၏ စစ်သေနာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့ပြင် စစ်ဦးစီးချုပ် ရုံးတွင် စစ်ဦးစီးဌာနချုပ်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၄၄ခုနှစ် ဩဂုတ် ၂၃ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်၌ကျင်းပသော ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် ဖွဲ့စည်းရေးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ထို့နောက် ၁၉၄၄ခုနှစ် စက်တင်ဘာလတွင် ဗိုလ်ချုပ်အောင်ဆန်း၏ဆန္ဒအရ ဒေးဒရဲမြို့ရှိ သခင်စိုးထံသို့ ဗိုလ်မှူးရဲထွဋ်၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့နှင့်အတူ လျှို့ဝှက်စွာသွားရောက်ကာ ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် ပြင်ဆင်စည်းရုံးရေးလုပ်ငန်းများကို ဆွေးနွေးခဲ့သည်။ ၁၉၄၅ခုနှစ် မတ်လ ၁ရက်မှ ၃ရက်အထိ ကျင်းပသော ဖ-တ-ပ-လ အစည်းအဝေးတွင် ဖက်ဆစ်ဂျပန်တို့အားတော်လှန်တိုက်ခိုက်ရန် အစီအစဉ်များချမှတ်ခဲ့သည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလတွင် တိုင်း ၂ (မြစ်ဝကျွန်းပေါ် အရှေ့ပိုင်း၊ ဟံသာဝတီ၊ ဖျာပုံနှင့် မအူပင်)၏ တိုင်းမှူးအဖြစ် တာဝန်ယူကာ ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တိုက်ခိုက်ခဲ့သည်။

၁၉၄၅ခုနှစ် မေ ၁၂ရက်နေ့တွင် မဟာမိတ်တပ်များ ထက်ဦးစွာ ရန်ကုန်မြို့ကိုသိမ်းပိုက်နိုင်ခဲ့သည်။ မေ ၇ရက်နေ့တွင် ဖက်ဆစ်ဂျပန်တော်လှန်ရေး အောင်မြင်မှုများကို အသံလွှင့်ပြောကြားခဲ့သည်။ ၁၉၄၅ခုနှစ် ဇူလိုင်လမှ အောက်တိုဘာလ

အထိ မျိုးချစ်ဗမာ့တပ်မတော်တပ်များကို ကွပ်ကဲခဲ့သည်။ ၁၉၄၅ခုနှစ် ဩဂုတ် ၁၂ရက်တွင် ဗမာ့တပ်မတော်ခေါင်းဆောင် အရာရှိကြီးများ အစည်းအဝေးတက်ရောက်ခဲ့သည်။ ဩဂုတ် ၁၉ရက်တွင် ကျင်းပသော နေသူရိန်လူထုအစည်းအဝေးတွင် ဖဆပလအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ဝင်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်။ ၁၉၄၅ ခုနှစ် စက်တင်ဘာလတွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ သီဟို(ယခုသီရိလင်္ကာ)နိုင်ငံ ကန္ဒီမြို့သို့သွားရောက်ရာ၌ အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့သည်။

၁၉၄၅ခုနှစ် ဒီဇင်ဘာ ၁၅ရက်နေ့တွင် ဗိုလ်မှူးအဆင့်ဖြင့် ဗမာ့သေနတ်ကိုင်တပ်ရင်း ၄၏ ဒုတိယတပ်ရင်းမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၆ခုနှစ် နိုဝင်ဘာ ၁၆ရက်နေ့တွင် ဒုတိယဗိုလ်မှူးကြီးအဖြစ်လည်းကောင်း၊ ၁၉၄၇ခုနှစ် ဒီဇင်ဘာ ၁၂ရက်တွင် ဗိုလ်မှူးချုပ်အဖြစ်လည်းကောင်း ရာထူးတိုးမြှင့်ပေးခြင်း ခံခဲ့ရသည်။ ၁၉၄၇ခုနှစ် ဒီဇင်ဘာ ၂၀ရက်နေ့တွင် မြောက်ပိုင်းစစ်ဌာနချုပ် တိုင်းမှူးအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၈ခုနှစ် ဩဂုတ်(၁၃)ရက်နေ့တွင် ဗိုလ်ချုပ်အဆင့်ရာထူးတိုးမြှင့်ပေးခြင်းခံရသည်။ ၁၉၄၉ခုနှစ် ဖေဖော်ဝါရီ ၁ရက်

နေ့တွင် ဗမာ့တပ်မတော် စစ်သေနာပတိချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ၁၉၄၉ခုနှစ် မတ် ၃ရက်နေ့တွင် ဒုတိယဗိုလ်ချုပ်ကြီးအဆင့်ရာထူး တိုးမြှင့်ခြင်းခံရသည်။

၁၉၄၉ခုနှစ် ဧပြီ ၅ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၌ ဒုတိယဝန်ကြီးချုပ်၊ ကာကွယ်ရေးနှင့်ပြည်ထဲရေးဝန်ကြီးဖြစ်လာခဲ့သည်။ တိုင်ပြည်ငြိမ်းချမ်းလာပြီးနောက် ၁၉၅၀ပြည့် စက်တင်ဘာ ၉ရက်နေ့တွင် အစိုးရအဖွဲ့မှနုတ်ထွက်၍ တပ်မတော်သို့ပြန်သွားခဲ့သည်။ ၁၉၅၆ခုနှစ် ဇန်နဝါရီ ၁ရက်နေ့တွင် ဗိုလ်ချုပ်ကြီးရာထူး တိုးမြှင့်ပေးခြင်း ခံခဲ့ရသည်။

၁၉၅၈ခုနှစ် အောက်တိုဘာ ၂၈ရက်နေ့တွင် အိမ်စောင့်အစိုးရဖွဲ့စည်းပြီး ၁၉၆၀ပြည့်နှစ် ဧပြီလအထိ ဝန်ကြီးချုပ်၊ ကာကွယ်ရေးဝန်ကြီးနှင့် အမျိုးသားစီမံကိန်းဝန်ကြီး တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၆၀ပြည့် ဇန်နဝါရီ ၂၈ရက်နေ့တွင် တရုတ်၊ မြန်မာနှစ်နိုင်ငံနယ်နမိတ် ပြဿနာဆိုင်ရာသဘောတူ စာချုပ်ကိုချုပ်ဆိုခဲ့သည်။ ထို့နောက် ၁၉၆၀ပြည့်နှစ် ဖေဖော်ဝါရီလတွင် လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများ ကျင်းပပေးခဲ့ပြီး အနိုင်ရရှိခဲ့သည့် သန့်ရှင်း

ဖဆပလအဖွဲ့အား အစိုးရအာဏာများကို စနစ်တကျပြန်လည်လွှဲပြောင်းပေးခဲ့သည်။

၁၉၆၂ခုနှစ် မတ်လ ၂ရက်နေ့တွင် နိုင်ငံတော်အာဏာကို ထိန်းသိမ်းခဲ့သည်။ ၁၉၆၂ခုနှစ်မှ ၁၉၇၄ခုနှစ်အထိ တော်လှန်ရေးကောင်စီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၇၄ခုနှစ်မှ ၁၉၈၁ခုနှစ်အထိ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတတာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၈၁ခုနှစ် နိုဝင်ဘာလတွင် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌနှင့် နိုင်ငံတော် သမ္မတတာဝန်များမှ အငြိမ်းစားယူခဲ့သည်။

## ရရှိခဲ့သော ဆုတံဆိပ်များ

- ၁၉၄၉ခုနှစ်တွင် "မဟာသီရိသုဓမ္မဘွဲ့" (Maha Thiri Thudhama ) ချီးမြှင့် ခြင်းခံခဲ့ရသည်။
- ၁၉၅၅ ဇန်နဝါရီလတွင် ယူဂိုစလားဗီးယားနိုင်ငံ သမ္မတ မာရှယ်တီးတိုး၏ ယူဂိုစလပ် တံခွန်တော်ဘွဲ့(ပထမဆင့်) (Yugoslav Banner ) ချီးမြှင့်ခြင်းခံခဲ့ရသည်။
- ၁၉၅၆ခုနှစ်တွင် "သတိုးသီရိသုဓမ္မဘွဲ့" (Thado

Thiri Thudhama ) ချီးမြှင့် ခြင်းခံခဲ့ရသည်။

- ၁၉၅၆ ဇွန်လတွင် အမေရိကန်အစိုးရ၏ "စစ်သူရဲကောင်းဘွဲ့" (Legio of Merit )ချီးမြှင့်ခြင်းခံခဲ့ရသည်။

- ၁၉၅၉ခုနှစ် မတ်လ ၂၇ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ပဲ တိုင်းပြည်နှင့် လူမျိုး လွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျား ဆောင်ရွက်ခဲ့မှုများကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ် အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)တံဆိပ် ချီးမြှင့် ဂုဏ်ပြုခြင်းခံခဲ့ရသည်။


- ၁၉၆၀ပြည်နှစ် မတ် ၅ရက်နေ့တွင် ထိုင်းဘုရင်မင်းမြတ် ဘူမိဘောအဒူယာဒက် (Bhumibol Adulyadej )၏ "ဆင်ဖြူရှင်" (The Most Exalted Order of the White Elephant) ဘွဲ့ ချီး မြှင့်ခြင်းခံခဲ့ရသည်။


- ၁၉၆၀ပြည့်နှစ် ဩဂုတ် ၁၆ရက်တွင် ဖိလစ်ပိုင်နိုင်ငံမှ "ရေမွန်မက်ဆေးဆေး" (Ramon Magsaysay )ဆုကို ငြင်းပယ်ခဲ့သည်။

- ၁၉၆၀ပြည့်နှစ် ဒီဇင်ဘာလတွင် "အဂ္ဂမဟာသီရိသုဓမ္မဘွဲ့" (Agga Maha Thiri Thudhama )ချီးမြှင့်ခြင်းခံခဲ့ရသည်။

-၁၉၈၁ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် နိုင်ငံတော်၏ အကျိုးကို ဦးစီးဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံတော်ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ချီးမြှင့်ခြင်းခံရသည်။

လက်မှတ်







ဗိုလ်မိုးညို

# ဗိုလ်မိုးညို

ဗိုလ်မိုးညိုကို ၁၉၁၇ခုနှစ် အောက်တိုဘာ ၆ရက်နေ့တွင် ရန်ကုန်မြို့ ကမာရွတ်၊ ရှမ်းစုရွာ၌ မွေးဖွားခဲ့သည်။

မိဘများမှာ ဦးဘရှင်နှင့် ဒေါ်ငွေသင်တို့ဖြစ်ကြသည်။ ရှမ်းမြန်မာလူမျိုးဖြစ်ပြီး ဗုဒ္ဓဘာသာဝင်ဖြစ်သည်။

အမည်ရင်းမှာ ကိုကျော်စိန်ဖြစ်၍ တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်လာသည့်အခါ သခင်ကျော်စိန်ဖြစ်လာခဲ့သည်။

ရန်ကုန်မြို့ စိန့်ကျွန်းကျောင်း (ယခု အထက(၂) လသာ) တွင် ဒသမတန်းအထိ ပညာသင်ကြားခဲ့သည်။

အမည်ရင်း ကိုကျော်စိန်ဖြစ်သည်။ တို့ဗမာအစည်းအရုံးဝင်ရောက်သောအခါ သခင်ကျော်စိန်ဖြစ်လာခဲ့သည်။ ဂျပန်စစ် ပညာသင်တန်းတက်စဉ်က ဂျပန်အမည်မှာ တကာယ

ရှိဖြစ်သည်။ ထိုင်းနိုင်ငံ ဗန်ကောက်တွင်ရဲဘော်သုံးကျိပ်ဝင်များ ဝိုလ်အမည်ခံယူရာတွင် ဗိုလ်မိုးညို ဖြစ်လာခဲ့သည်။

ရန်ကုန်အင်းစိန် ခရီးသည်တင်မော်တော်ယာဉ်လုပ်ငန်း ဆောင်ရွက်ခဲ့သည်။

၁၉၃၅ခုနှစ်တွင် တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်ပြီး နိုင်ငံရေးဆောင်ရွက်ခဲ့သည်။ ၁၉၃၈တွင် တို့ဗမာအစည်းအရုံး နှစ်ခြမ်းကွဲသွားသောအခါ သခင်ထွန်းအုပ်၊ သခင်ဗစိန် တို့ဗမာအစည်းအရုံး၏ တာဝန်ပေးအပ်ချက်အရ ၁၉၄၁ခုနှစ် မေလတွင် သခင်သစ် (ဗိုလ်စောနောင်)နှင့်အတူ ထိုင်းနိုင်ငံမှတဆင့် ဂျပန်နိုင်ငံသွားရောက်ရန် ကြိုးပမ်းစဉ် မဲဆောက်တွင် အဖမ်းခံရသည်။ မဲဆောက်အချုပ်ခန်းတွင် နှစ်ရက်ကြာအချုပ်ခံရပြီး ပြည်နှင်ဒဏ်ပေးခံရ၍ မြန်မာနိုင်ငံ ပြန်ခဲ့ရသည်။

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန် ရွေးချယ်စေလွှတ်သည့် စတုတ္ထအသုတ်နှင့်အတူ ၁၉၄၁ခုနှစ် ဇူလိုင် ၈ရက်တွင် ကိုရီယုမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ၁၉၄၁ခုနှစ် ဇူလိုင် ၂၂ရက်တွင် ရှန်ဟိုင်းသို့ရောက်ရှိခဲ့သည်။ ထို့နောက် ဇူလိုင် ၂၄တွင် ရှန်ဟိုင်းမှလေယာဉ်ပျံဖြင့် ဂျပန်နိုင်ငံ ကျူးရှူးကျွန်း၊ နာဂါဆကီးမြို့အနီးရှိ ရေတပ်စခန်းသို့ ရောက်ရှိခဲ့သည်။

၁၉၄၁ခုနှစ် ဩဂုတ် ၈ရက်တွင် တိုကျိုမှ ဟိုင်နန်ကျွန်းသို့ လေယာဉ်ပျံဖြင့် သွားရောက်ရာ ဩဂုတ် ၁၁ရက်တွင် ရောက်ရှိခဲ့သည်။ ဟိုင်နန်ကျွန်းနှင့် ထိုင်ဝမ်ကျွန်းတွင် စစ်ပညာသင်ကြားခဲ့သည်။


ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ) မြန်မာနိုင်ငံတွင်းမချီတက်မီ ဗိုလ်မှူးကြီးနေဝင်းခေါင်းဆောင်သော ပြည် တွင်းသူပုန်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသောကြောင့် မြန်မာနိုင်ငံတွင်းဝင်ရောက်ခဲ့ရာ ၁၉၄၂ခုနှစ် ဖေဖော်ဝါရီလ ၂ရက်နေ့တွင် ဗိုလ်မှူးကြီးနေဝင်း၊ ဗိုလ်လင်းယုန်တို့နှင့်အတူ ရန်ကုန်မြို့သို့ ရောက်ရှိခဲ့သည်။ ထိုနောက် ပြည်သူ့အရေးတော်ပုံပါတီနှင့်ဆက်သွယ်ကာ ရန်ကုန်မြို့၊ မင်းလှမြို့၊ ပဲခူးမြို့၊ မန္တလေးမြို့နှင့် ရွှေဘိုမြို့တွင် စစ်ပညာသင်တန်းများ သင်ကြားပေးခြင်း၊ စစ်လက်နက်ငယ် သင်တန်းပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးကာလက တိုင်း ၇ (သရက်၊ အောင်လံ၊ မကွေး၊ မင်းဘူး)တွင် စက်မှုလက်မှုတပ်ရင်း ၂ကို ဦးစီးကာ ဖက်ဆစ်ဂျပန်များကို တော်လှန်တိုက်ခိုက်ခဲ့သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရလာသောအခါ ရန်ကုန်မြို့၊ မသန်မစွမ်းရဲဘော်ဟောင်းရိပ်သာ အုပ်ချုပ်ရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၆၀ခုနှစ် ဧပြီ ၉ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။


**ဆုတံဆိပ်ရေးရာ**

၁၉၅၉ခုနှစ် မတ် ၂၇ရက်တွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့် လူမျိုးလွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျားကြိုးပမ်းဆောင်ရွက်မှုကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)တံဆိပ်ချီးမြှင့်ဂုဏ်ပြုခြင်းခံခဲ့ရသည်။



**လက်မှတ်**

(ဧစ္ဆုင) ငှယခဂဒုဟးဖဓှာဂိပဃဃင်ဂဓ





ဗိုလ်တာရာ

## ဗိုလ်တာရာ

ဗိုလ်တာရာကို ၁၉၁၉ခုနှစ် ဧပြီလ ၁၃ရက်နေ့တွင် ပျဉ်းမနားမြို့၌ မွေးဖွားခဲ့သည်။ မိဘများမှာ သစ်စက်ပိုင်ရှင် ဦးကောက်နှင့် ဒေါ်လွန်းတို့ဖြစ်ကြသည်။

အမည်ရင်းမှာ ကိုခင်မောင်ဦးဖြစ်သည်။ တို့ဗမာအစည်းအရုံးကို ဝင်ရောက်လာသောအခါ သခင်ခင်မောင်ဦး ဖြစ်လာခဲ့သည်။

၁၉၃၈ခုနှစ်တွင် ပျဉ်းမနားမြို့ရှိ (ကေအီးအမ်) အထက် တန်းကျောင်းမှ ဒသမတန်းအောင်မြင်ခဲ့သည်။

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန်စေလွှတ်သည့် တတိယအသုတ် ၁၉၄၁ခုနှစ် မေလတွင် ကိုဆိုင်မာရူးသဘော်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ၁၉၄၁ ခု မေလကုန်တွင် ဂျပန်နိုင်ငံ ရောက်ရှိခဲ့သည်။ ဟိုင်နန်ကျွန်နှင့် တိုင်ဝမ်ကျွန်းတွင် စစ်ပညာသင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)မြန်မာနိုင်ငံတွင်း မချီတက်မီ ဗိုလ်မှူးကြီးနေဝင်းခေါင်းဆောင်သော ပြည်တွင်းသူပုန်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်း

ခံရသဖြင့် မြန်မာနိုင်ငံတွင်း ဝင်ရောက်ခဲ့ပြီး ဖြူးမြို့၊ ပျဉ်းမနား မြို့နှင့် ပဲခူးမြို့တို့တွင် စစ်ပညာသင်တန်းပေးခြင်း၊ စစ်လက်နက် ငယ် သင်တန်းပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ ၁၉၄၂ခုနှစ် ဇူလိုင် ၂၇ တွင် ဘီအိုင်အေဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေး တပ်မတော် (ဘီဒီအေ)ဖွဲ့စည်းသောအခါ ဗိုလ်ကြီးအဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

ဖက်ဆစ်ဂျပန် တော်လှန်ရေးကာလက တိုင်း ၆ (မိတ္ထီ လာ၊ ပျဉ်းမနား၊ တောင်ငူနှင့် တောင်ပိုင်းရှမ်းပြည်)တွင် တာဝန် ကျကာ ဖက်ဆစ်ဂျပန်များကို တော်လှန်တိုက်ခိုက်ခဲ့သည်။

၁၉၄၅ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီဝင် ဖြစ်ခဲ့ သည်။ ၁၉၄၆ခုနှစ်တွင် ဗမာပြည် ကွန်မြူနစ်ပါတီသည် လိုအပ် ပါက လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲရန် ဗိုလ်တာရာ ဦးစီး သည့်တပ်များအား ပျဉ်းမနားဒေသတွင် ကြိုတင်အခြေချခိုင်း ထားခဲ့သည်။ ၁၉၄၈ခုနှစ် မတ် ၂၈ရက်နေ့တွင် ဗကပ တောခို သောအခါ ဗိုလ်တာရာ၏ လက်နက်ကိုင်တပ်များသည် ဖ-ဆ- ပ-လအစိုးရအား တော်လှန်တိုက်ခိုက်ခဲ့သည်။ ၁၉၄၈ခုနှစ် ဒီဇင်ဘာလတွင် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ သည်။ ၁၉၆၀ပြည့်နှစ် တတိယအကြိမ် ပါလီမန်ပြည်သူ့လွှတ်

ထော် ရွေးကောက်ပွဲတွင် သန့်ရှင်းဖဆပလအမတ်လောင်းအဖြစ် ပျဉ်းမနားမြို့တောင်ပိုင်း မဲဆန္ဒနယ်မြေမှ ဝင်ရောက်အရွေးခံရာ လွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။ ၁၉၆၂ခုနှစ် နောက်ပိုင်းတွင် နိုင်ငံရေးမှ အနားယူခဲ့သည်။


ရန်ကင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

**ရရှိခဲ့သောဆုတံဆိပ်များ**


၁၉၇၂ခုနှစ် မတ် ၂၅ရက်နေ့တွင် မြန်မာနိုင်ငံလွတ်လွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျားကြိုး ပမ်းဆောင်ရွက်ခဲ့မှုများကြောင့် နိုင်ငံတော်လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) တံဆိပ် ချီးမြှင့်ဂုဏ်ပြုခြင်း ခံရသည်။

၁၉၈၀ပြည်နှစ် ဇွန်လ (၇)ရက်နေ့တွင် နိုင်ငံဂုဏ်ရည် (ပထမဆင့်)ချီးမြှင့်ခံခဲ့ရသည်။

၁၉၉၃ခုနှစ် ဖေဖော်ဝါရီ ၆ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။



**လက်မှတ်**



ဗိုလ်ချုပ်အောင်ဆန်း

## ဗိုလ်စောအောင်

ဗိုလ်စောအောင်ကို ၁၉၁၄ခုနှစ် မေ ၂၈ရက်နေ့တွင် ကမာရွတ်ရှမ်းစုရွာ၌ မွေးဖွားခဲ့သည်။ မိဘများမှာ ဦးဘိုးညွန့်နှင့် ဒေါ်ရွှေမှုတ်တို့ဖြစ်ကြသည်။ ရှမ်းလူမျိုး ဗုဒ္ဓဘာသာဝင်ဖြစ်သည်။

အမည်ရင်းမှာ ကိုငွေဖြစ်သည်။ ထို့ကြောင့်တို့ဗမာအစည်းအရုံးသို့ဝင်လာသောအခါ သခင်ငွေဖြစ်လာသည်။

ရန်ကုန်မြို့ကမာရွတ်မြို့နယ်တွင် အင်္ဂလိပ်၊ မြန်မာ သတ္တမတန်းအထိ ပညာသင်ကြားခဲ့သည်။

၁၉၃၈ ခုနှစ်တို့ဗမာအစည်းအရုံးနှစ်ခြမ်းကွဲပြားသောအခါ ၁၉၄၁ ခုနှစ် ဇူလိုင် ၈ ရက်တွင် မြန်မာမျိုးချစ်လူငယ် စတုတ္ထအသုတ်နှင့်အတူ ကိုရီယူမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှထွက်ခွာခဲ့ရာ ၁၉၄၁ ခုနှစ် ၂၂ ဇူလိုင်တွင် ရှန်ဟိုင်းသို့ ရောက်သည် ရှန်ဟိုင်းမှ လေယာဉ်ပျံဖြင့် ဂျပန်နိုင်ငံ ကျူးရှူးကျွန်း နာဂါးစကီးမြို့အနီး ရှိရေတပ်စခန်းသို့ ရောက်ရှိခဲ့သည်။

၁၉၄၁ ခုနှစ် ဩဂုတ်၈ တွင် တိုကျိုမှ ဟိုင်နန်ကျွန်းသို့ လေယာဉ်ဖြင့်သွားရောက်ရာ ၁၁ ဩဂုတ် ၁၉၄၁ ခုနှစ်တွင် ရောက်ရှိခဲ့သည်။ ဟိုင်နန်ကျွန်း နှင့် ထိုင်ဝမ်ကျွန်းတို့တွင် စစ်ပညာသင်ကြားခဲ့သည်။

ဗမာ့ လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) စစ်ဌာနချုပ်နှင့် မော်လမြိုင်စစ်ကြောင်းဖြင့် မြန်မာနိုင်ငံတွင်း ချီတက်ကာ ဗြိတိသျှတပ်များကို ရှုပ်ချပ်ချွံချွံ တိုက်ခိုက်ခဲ့သည်။

ထို့နောက်ရွှေကျင်မြို့ သိမ်းတိုက်ပွဲဆင်နွှဲစဉ် ၁၉၄၂ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်နေ့လယ် ၁၁နာရီတွင်ကျ ဆုံးခဲ့သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်ဌာနချုပ်နှင့် မော်လမြိုင်စစ်ကြောင်းဖြင့် မြန်မာနိုင်ငံတွင်းချီတက်ကာ နယ်ချဲ့ဗြိတိသျှတပ်များကိုတိုက်ခိုက်ရာ၌ စစ်မြေပြင်တွင် အာဇာနည် သူရဲကောင်းပီသစွာ ပထမဆုံးကျဆုံးသွားသော ရဲဘော်သုံးကျိပ်ဝင်ဖြစ်သည်။

## ရရှိခဲ့သော ဆုတံဆိပ်

၁၉၅၉ ခုနှစ် ၂၇မတ် တွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုးလွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျား ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်းအထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (တတိယဆင့်) တံဆိပ် ချီးမြှင့်ဂုဏ်ပြုခြင်းခံရသည်။



ဗိုလ်မင်းခေါင်

# ဗိုလ်မင်းခေါင်

ဗိုလ်မင်းခေါင်ကို ၁၉၂၀ ခုနှစ် အောက်တိုဘာ ၁၈ ရက်နေ့တွင် သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်တွင်မွေး ဖွားခဲ့သည်။

မိဘများမှာ ဦးသောကြာနှင့် ဒေါ်ကြော့တို့ဖြစ်ကြ သည်။ အမည်ရင်းမှာ မောင်စောလွင် ဖြစ်သည်။ ထို့ကြောင့် တို့ဗမာအစည်းအရုံးကို ဝင်သည့်အခါ သခင်စောလွင်ဖြစ်လာ သည်။

ကြို့ပင်ကောက်မြို့မ အမျိုးသားအထက်တန်းကျောင်း တွင်ပညာသင်ကြားခဲ့သည်။

၁၉၃၆ခုနှစ် ဒုတိယကျောင်းသားသပိတ်ဖြစ်ပွားသော အခါ ကြို့ပင်ကောက်မြို့ကျောင်းသားသမဂ္ဂအသင်း၌ ခေါင်း ဆောင်တစ်ဦးဖြစ်လာသည်။

ထို့နောက် ရန်ကုန်မြို့ မြို့မအထက်တန်းကျောင်းတွင် ဆက်လက်ပညာသင်ကြားခဲ့သည်။

၁၉၃၉ ခုနှစ်တွင်ကြို့ပင်ကောက်မြို့ရှိ တို့ဗမာအစည်း အရုံး၌ အလုပ်အမှုဆောင်အဖြစ်ဆောင်ရွက်ခဲ့ပြီး ဂျပန်နိုင်ငံ ကို စစ်ပညာများသင်ကြားရန်စေလွှတ်သောဒုတိယအသုတ်

၁၉၄၁ခုနှစ် ဧပြီ ၁၃ ရက်နေ့တွင် ကိုင်ရှိုမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ၁၉၄၁ခုနှစ် ဧပြီ ၂၈ ရက်နေ့တွင် ဂျပန်နိုင်ငံ အိုဆာကာ (Osaka)မြို့သို့ ရောက်ရှိခဲ့သည်။ ၁၉၄၁ခုနှစ် မေလ ၉နေ့ရက်တွင် လေယာဉ်ပျံဖြင့် တိုကျိုမှ ဟိုင်နန်ကျွန်းနှင့် တိုင်ဝမ်ကျွန်းသို့ သွားရောက်ရာ ၁၀ ရက်နေ့တွင် ရောက်ရှိခဲ့ပြီး ဟိုင်နန်ကျွန်းနှင့် တိုင်ဝမ်ကျွန်းတို့တွင် စစ်ပညာများ သင်ကြားခဲ့သည်။

မြန်မာနိုင်ငံတွင်းရှိ ဗြိတိသျှတို့ကို တိုက်ထုတ်ရန် ၁၉၄၂ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ရေကြောင်းချီတပ်ဖွဲ့(မြိတ်စစ်ကြောင်း) ဖြင့် ချီတက်ခဲ့ရာ။ ကျိုက္ခမီမှတဆင့် ရန်ကုန် အဝင်တွင် ဗြိတိသျှ ရေတပ်အုပ်စု၏ ဖမ်းဆီးခြင်းခံရသည်။ ၁၉၄၂ ခုနှစ် မတ်လ၃ နေ့ရက်တွင် မိမိတပ်ဖွဲ့နှင့်အတူရန်ကုန်ထောင်ကို ဖောက်ထွင်း လွတ်မြောက်ခဲ့သည်။

၁၉၄၂ ခုနှစ် မတ်လ ၁၈ ရက်နေ့တွင် ရခိုင်ပြည်နယ် တောင်ပိုင်းသို့ချီတက်၍ ငြိမ်ဝပ်ပိပြားရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ၁၉၄၂ ခုနှစ် ဇူလိုင် ၂၇ ရက်နေ့တွင် ဘီအိုင်အေ ဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) ဖွဲ့ စည်း

သောအခါ ဗိုလ်ကြီးအဆင့်ဖြင့် တာဝန် ထမ်းဆောင်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်ရံတော်တပ်မှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ပဲခူးရိုမမှ ဆုတ်ခွာလာသော ဖက်ဆစ်ဂျပန်တပ်များကို စစ်တောင်းမြစ်ဝှမ်းတစ်ဝိုက်၌ ချေမှုန်းသုတ်သင်ခဲ့သည်။

ဖက်ဆစ်ဂျပန်တော်လှန်ရေးအပြီးတွင် တပ်မတော်မှ နုတ်ထွက်ကာ ပြည်သူ့ရဲဘော်တပ်ဖွဲ့တွင် အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၇ခုနှစ် ဧပြီ ၉ရက်တွင် တိုင်းပြည်ပြုလွှတ်တော်ရွေးကောက်ပွဲတွင် ဖ-ဆ-ပ-လ အမတ်လောင်းအဖြစ် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်တောင်ပိုင်း မဲဆန္ဒနယ်မြေမှ ဝင်ရောက်အရွေးခံရာ လွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။ ၁၉၄၇ခုနှစ် ဇူလိုင်လတွင် မြန်မာပြည် သောင်းကျန်းမှုနှိမ်နင်းရေး တပ်ရင်း(၂)၏ တပ်ရင်းမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ကျန်းမာရေးနှင့် အလုပ်သမားဌာန ပါလီမန်အတွင်းဝန်အဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၄၉ခုနှစ် ဧပြီ ၁ရက်နေ့တွင် ပါလီမန်အတွင်းဝန်ရာထူးမှ နုတ်ထွက်ခဲ့သည်။ ၁၉၅၀ခုနှစ် ဧပြီ ၂ရက်နေ့တွင် ပညာရေး ပြည်သူ့လုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးဌာန ပါလီမန်အ

တွင်းဝန်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၀ပြည့်နှစ် အောက်တိုဘာ ၂ရက်၊ ၁၉၅၂ခုနှစ် မတ် ၁၆ရက်နေ့တွင် ပြည်သူ့လုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးဌာနဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် ၁၉၅၅ခုနှစ် စက်တင်ဘာလတွင် ထောက်ပံ့ရေးဌာနဝန်ကြီးအဖြစ်လည်းကောင်း ၁၉၅၆ခုနှစ် ဇွန် ၁၂ရက်တွင် သယ်ယူပို့ဆောင်ရေး၊ စာတိုက်နှင့်ကြေးနန်းဌာနဝန်ကြီးအဖြစ်လည်းကောင်း၊ ၁၉၅၇ခုနှစ် မတ်လ ၁ရက်နေ့တွင် သယ်ယူပို့ဆောင်ရေးစာတိုက်နှင့် ကြေးနန်းဌာနဝန်ကြီး အဖြစ်လည်းကောင်း၊ ၁၉၅၈ခုနှစ် ဇွန် ၅ရက်မှ ၁၉၅၈ခုနှစ် အောက်တိုဘာ ၂၈ရက်အထိ ပြည်ထဲရေးဝန်ကြီးဌာန သယ်ယူပို့ဆောင်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

၁၉၆၈ခုနှစ် ဒီဇင်ဘာ ၄ရက်နေ့တွင် တော်လှန်ရေးကောင်စီဖွဲ့စည်းပေးသည့် ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်တွင်းညီညွတ်ရေးအကြံပေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၈၃ခုနှစ် ဩဂုတ်လ ၂၄ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

**ရရှိခဲ့သောဆုတံဆိပ်များ**

ဂျပန်နိုင်ငံ၌ စစ်ပညာသင်ကြားစဉ်က သင်တန်းသားကောင်း တံဆိပ်နှင့် ရွှေစလွယ်တို့ကို ရရှိခဲ့သည်။


၁၉၃၉-၄၅ ခုနှစ်အတွင်း အင်္ဂလန်နိုင်ငံသူရဲကောင်းထူးချွန်ဆုကို ရရှိခဲ့သည်။

၁၉၅၄-၅၅ခုနှစ်တွင် အီသီယိုးပီယားနိုင်ငံ၏ လူစွမ်းကောင်းဘွဲ့တံဆိပ်နှင့် အမြင့်ဆုံးသူရဲကောင်း ဆုတံဆိပ်များ ရရှိခဲ့သည်။

၁၉၅၉ခုနှစ် မတ်လ ၂၇ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျားကြိုးပမ်း ဆောင်ရွက်ခဲ့မှုများကြောင့်လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်) တံဆိပ်ချီးမြှင့်ဂုဏ်ပြုခြင်းခံခဲ့ရသည်။




**လက်မှတ်**



ဗိုလ်တောက်ထိန်

# ဗိုလ်တောက်ထိန်

ဗိုလ်တောက်ထိန်ကို ၁၉၁၁ခုနှစ် ဇန်နဝါရီလ ၁၇ရက်နေ့တွင် ရမည်းသင်းခရိုင် ပျဉ်းမနားမြို့တွင် မွေးဖွားခဲ့သည်။

မိဘများမှာ ဦးဘိုးအောင်နှင့် ဒေါ်ရွှေမြတို့ဖြစ်ကြသည်။ ဗမာလူမျိုး၊ ဗုဒ္ဓဘာသာဖြစ်ပြီး အမည်ရင်းမှာ ကိုစံမြဖြစ်သည်။

ပျဉ်းမနားမြို့ ခေမာသီဝံကျောင်းတွင် သတ္တမတန်းအထိပညာသင်ကြားခဲ့ပြီး ၁၈နှစ်သားတွင် ကျောင်းမှထွက်၍ တောင်ယာလုပ်ငန်းကိုလုပ်ကိုင်ခဲ့သည်။

၁၉၃၈ခုနှစ်တွင် ပျဉ်းမနားမြို့ရှိ တို့ဗမာအစည်းအရုံးကို ဝင်ရောက်ခဲ့သည်။ ထို့နောက် ပျဉ်းမနားစီရင်စုလုံးဆိုင်ရာ တို့ဗမာအစည်းအရုံး အလုပ်အမှုဆောင်အဖြစ်၎င်း၊ ဗမာ့လက်

ရုံးတပ်တွင် မြို့နယ်တပ်မှူးအဖြစ်ရင်း ဆောင်ရွက်ခဲ့သည်။

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ရန် စေလွှတ်သည့် တတိယ အသုတ် ၁၉၄၁ခုနှစ် မေလတွင် ကိုဆိုင်မာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ၁၉၄၁ခုနှစ် မေလကုန်တွင် ဂျပန် နိုင်ငံရောက်ရှိခဲ့ပြီး ဟိုင်နန်ကျွန်းနှင့် တိုင်ဝမ်ကျွန်းတွင် စစ်ပညာ သင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ) ရေ ကြောင်းချီတပ်ဖွဲ့ (မြိတ်စစ်ကြောင်း)ဖြင့် မြန်မာနိုင်ငံတွင်း ချီ တက်ကာ ဗြိတိသျှတို့ကို တိုက်ခိုက်ခဲ့သည်။ ၁၉၄၂ခုနှစ် ဇူလိုင် ၂၇ရက်တွင် ဘီအိုင်အေဖျက်သိမ်း၍ ဘီဒီအေဖွဲ့စည်းသည့် အခါ တပ်ခွဲ(၂)တွင် ဗိုလ်ကြီးအဆင့်ဖြင့် တာဝန်ထမ်းဆောင် ခဲ့သည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလက တိုင်း ၆ (မိတ္ထီ လာ၊ ပျဉ်းမနား၊ တောင်ငူနှင့် တောင်ပိုင်းရှမ်းပြည်) တွင် ဒုတိ ယ တိုင်းမှူးအဖြစ် ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တိုက်ခိုက်ခဲ့ သည်။ ဂျပန်တော်လှန်ရေးအပြီးတွင် တပ်မတော်မှ နုတ်ထွက် ခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး ပျဉ်းမနား နယ်တွင် ဆူပူသောင်းကျန်းမှုများ ပေါ်ပေါက်ခဲ့သဖြင့် ၁၉၄၉ခု

ဖေဖော်ဝါရီလတွင် ရဲအဖွဲ့၊ သစ်တောလက်နက်ကိုင်တပ်ဖွဲ့ စစ်ဝန်ထမ်းတပ်ဖွဲ့၊ မီးရထားလက်နက်ကိုင်အဖွဲ့၊ ကျောင်းသား ရဲခေါင်များတပ်ဖွဲ့၊ မီးသတ်ကာကွယ်ရေးအဖွဲ့များကို ဦးစီး ခေါင်းဆောင်ကာ သောင်းကျန်းမှုကာကွယ်ရေးကော်မတီကို ဖွဲ့စည်းခဲ့သည်။ ပြည်သူ့ငြိမ်းချမ်းရေး ပျောက်ကျားတပ်ကို ဦး ဆောင်ဖွဲ့စည်းပြီး ၁၉၅၀ပြည့်နှစ် မတ်လ ၂၈ရက်နေ့တွင် ကွန်မြူနစ်လက်အောက် ကျရောက်နေသော ပျဉ်းမနားမြို့အား ဗမာ့ တပ်မတော် တပ်ရင်း(၁)ဗိုလ်မှူးကြီးထွန်းစိန်နှင့် ပူးပေါင်းကာ ပြန်လည်သိမ်းပိုက်ခဲ့သည်။

ထို့နောက် ပျဉ်းမနားခရိုင် ဗမာပြည်ဆိုရှယ်လစ်ပါတီ ဥက္ကဋ္ဌနှင့် ဖဆပလဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၅၁ ပထမအကြိမ် ပါလီမန် ပြည်သူ့လွှတ်တော် ရွေး ကောက်ပွဲတွင် ဖဆပလ အမတ်လောင်းအဖြစ် ပျဉ်းမနားမဲဆန္ဒ နယ်မှလည်းကောင်း၊ ၁၉၅၆ ဒုတိအကြိမ် ပါလီမန် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် ဖဆပလ အမတ်လောင်း အဖြစ် ပျဉ်းမနား မြောက်ပိုင်း မဲဆန္ဒနယ်မှလည်းကောင်း ဝင်ရောက်အရွေးခံရာ လွှတ်တော်အမတ်အဖြစ် ရွေးကောက် တင်မြှောက်ခံရသည်။ ၁၉၅၈ခုနှစ် ဖဆပလ နှစ်ခြမ်းကွဲရာတွင်

တည်မြဲ ဖဆပလလတွင် ပါဝင်ခဲ့သည်။ ၁၉၆၀ပြည့်နှစ် တတိယအကြိမ် ပါလီမန်ပြည်သူ့ လွှတ်တော်ရွေးကောက်ပွဲတွင် တည်မြဲ ဖဆပလ အမတ် လောင်းအဖြစ် ပျဉ်းမနားမြောက်ပိုင်း မဲဆန္ဒနယ်မှ ဝင်ရောက် အရွေးခံရာ လွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက် ခံရသည်။

အရေးအခင်းအပြီးတွင် နိုင်ငံရေးပါတီများ တရားဝင် ဖွဲ့ခွင့်ပြုသည့်အခါ ပျဉ်းမနားမြို့နယ် ပြည်ထောင်စုမြန်မာနိုင်ငံ ဖဆပလ ပဟိုအဖွဲ့ချုပ်နှင့် ဒီမိုကရေစီပါတီတို့တွင် နာယက အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၀ပြည့်နှစ် ဒီမိုကရေစီပါတီ နာယကအဖြစ်မှ နုတ်ထွက်ခဲ့သည်။

၁၉၉၆ခုနှစ် ဧပြီ ၁၈ရက်တွင် ပျဉ်းမနားမြို့၌ ကွယ်လွန်ခဲ့သည်။


**ရရှိခဲ့သောဆုတံဆိပ်များ**

၁၉၅၉ခုနှစ် မတ် ၂၇ရက်တွင် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့် လူမျိုး လွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျားကြိုးပမ်းဆောင် ရွက်မှုများကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်း အမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် **(ပထမဆင့်) တံဆိပ်**

ချီးမြှင့်ခြင်းခံခဲ့ရသည်။

၁၉၈၀ပြည့်နှစ် ဇွန် ၇ရက်တွင် နိုင်ငံတော်၏အကျိုးကို ဦးစီးဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ချီးမြှင့်ခြင်းခံခဲ့ရသည်။

**လက်မှတ်**



Boh Tauk Htain
Nagagawa



ဗိုလ်အောင်

# ဗိုလ်မှူးအောင်

ဗိုလ်မှူးအောင်ကို ၁၉၁၀ခုနှစ် ဩဂုတ်လ ၃၀ရက်နေ့တွင် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်တွင် ဖွားမြင်သည်။ မိဘများမှာ ဦးရွှေမှန်နှင့် ဒေါ်ဖော့တို့ဖြစ်သည်။

ဗမာလူမျိုး ဗုဒ္ဓဘာသာဖြစ်ပြီး အမည်ရင်းမှာ ကိုစံလှိုင်ဖြစ်သည်။ ထို့ကြောင့် တို့ဗမာအစည်းအရုံးကို ဝင်ရောက်လာသောအခါ သခင်စံလှိုင်ဖြစ်လာခဲ့သည်။

၁၉၃၀ပြည့်နှစ်တွင် ဖြူးမြို့၌ ရဟန်းခံကာ သာသနာဘောင်ဝင်ရောက်ခဲ့ပြီး ပထမကြီးတန်းအောင်မြင်ခဲ့သည်။

၁၉၃၉ခုနှစ်တွင် ဖြူးမြို့နယ်ရှိ တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်ခဲ့သည်။ ထို့နောက် ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံး အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ရန် စေလွှတ်သည့် စတုတ္ထအသုတ် မြန်မာမျိုးချစ်လူငယ်များနှင့်အတူ ၁၉၄၁ခုနှစ် ဇူလိုင် ၈ရက်နေ့တွင် ကိုရီယုမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ဇူလိုင် ၂၂တွင် ရှန်ဟိုင်းသို့ ရောက်ရှိခဲ့သည်။ ဇူလိုင် ၂၄တွင် ရှန်ဟိုင်း မှ လေယာဉ်ပျံဖြင့် ဂျပန်နိုင်ငံ ကျူးရှူးကျွန်းနာဂါဆာကီးမြို့ အနီးရှိ ရေတပ်စခန်းသို့ ရောက်ရှိခဲ့သည်။

၁၉၄၁ခုနှစ် ဩဂုတ် ၈ရက်နေ့တွင် တိုကျိုမှ ဟိုင်နန်ကျွန်းသို့ လေယာဉ်ပျံဖြင့် သွား ရောက်ကာ ဩဂုတ် ၁၁ရက်နေ့တွင် ရောက်ရှိခဲ့ပြီး စစ်ပညာ များ သင်ကြားခဲ့သည်။

ထို့နောက် ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်ဌာနချုပ်နှင့် မော်လမြိုင်စစ်ကြောင်း မြန်မာနိုင်ငံတွင်းချီတက်စဉ် လက်နက်ခဲယမ်းမီးကျောက်နှင့် သယ်ယူပို့ဆောင်ရေးတပ်ဖွဲ့နှင့် အတူ ပါလာခဲ့ပြီး ဘီအိုင်အေတပ်ရင်း ၂၏ တပ်ရေး ဗိုလ်ကြီး အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၂ခုနှစ် ဇူလိုင်၂၇ရက်နေ့တွင် ဘီအိုင် အေကိုဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော် ဖွဲ့စည်းသော အခါ ဘီဒီအေတပ်ရင်း ၅၏ တပ်ရင်းမှူးအဖြစ် ဆောင်ရွက် ခဲ့သည်။

၁၉၄၄ခုနှစ်ဩဂုတ်၂၃ရက်နေ့တွင်ဗိုလ်ချုပ်အောင်ဆန်း နေအိမ်၌ကျင်းပသော ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် ဖွဲ့စည်းရေး အစည်းအဝေးသို့တက်ရောက်ခဲ့ပြီး ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလ တိုင်း ၇ (သရက်၊ အောင်လံ၊ မကွေး၊ မင်းဘူး)တွင် တိုင်းမှူးအဖြစ် တာဝန်ယူကာ ဖက်ဆစ်ဂျပန်များကို တော်လှန်တိုက်ခိုက် ခဲ့သည်။

၁၉၄၅ခုနှစ် ဩဂုတ် ၁၂ရက်နေ့တွင် ဗမာ့တပ်မတော် ခေါင်းဆောင်အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့

သည်။ ထို့နောက် ပြည်သူ့ရဲဘော်တပ်ဖွဲ့တည်ထောင်ရာတွင် ဆော်ဩရေးမှူးအဖြစ်လည်းကောင်း၊ ပြည်သူ့ရဲဘော်တပ်ဖွဲ့ဖွဲ့စည်းပြီးနောက် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၉၄၇ခုနှစ် ဧပြီ ၉ရက်နေ့တွင် တိုင်းပြည်ပြုလွှတ်တော် ရွေးကောက်ပွဲတွင် ဖဆပလအမတ်လောင်းအဖြစ် သရက်တောင် မဲဆန္ဒနယ်မြေမှ ဝင်ရောက်အရွေးခံရာ လွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။

၁၉၄၈- ၄၉ခုနှစ်တွင် ပြည်လည်ထူထောင်ရေးဌာနဝန်ကြီးအဖြစ်၎င်း ၁၉၅၈ခုနှစ် ဇူလိုင် ၁၆ရက်နေ့တွင် သန့်ရှင်းဖဆပလ အစိုးရအဖွဲ့၌ ဒုတိယဝန်ကြီးချုပ်အဖြစ်၎င်း၊ ၁၉၆၀မှ ၁၉၆၂ခုနှစ် မတ်လအထိ ပြည်ထောင်စုအစိုးရအဖွဲ့တွင် လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဌာနဝန်ကြီးအဖြစ်လည်းကောင်း ကာကွယ်ရေးဝန်ကြီးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

၁၉၆၈ခုနှစ် ဒီဇင်ဘာလ ၄ရက်နေ့တွင် တော်လှန်ရေးကောင်စီဖွဲ့စည်းပေးသည့် ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်တွင်းညီညွတ်ရေးအကြံပေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးသောအခါ ဖဆပလ အဖွဲ့ချုပ်တွင် ပါဝင်၍ နိုင်ငံရေးဆောင်ရွက်ခဲ့ပြီး ဝန်ကြီးချုပ်သခင်နု၏ လက်ဝဲညီညွတ်ရေးမူနှင့်ပတ်သက်၍ ပြည်သူ့ရဲဘော်အဖွဲ့ အဖြူနှင့်အဝါကွဲပြားသည့်အချိန်တွင် ပြည်သူ့ရဲဘော်အဝါအဖွဲ့ကို ခေါင်းဆောင်ခဲ့သည်။ ၁၉၄၈ခုနှစ် ဇူလိုင် ၁၆ရက်နေ့တွင် ဖွဲ့စည်းသော လက်ဝဲညီညွတ်ရေးကောင် စီတွင် ပြည်သူ့ရဲဘော်ကိုယ်စားလှယ် အဖြစ် ပါဝင်ခဲ့သည်။

၎င်းနောက် ပြည်ထောင်စု မြန်မာနိုင်ငံတော် ပါလီမန် ပြည်သူ့လွှတ်တော် ပထမအကြိမ် ရွေးကောက်ပွဲ (၁၉၅၁)နှင့် ဒုတိယအကြိမ်ရွေးကောက်ပွဲ (၁၉၅၆)တို့တွင် ဖဆပလ အမတ်လောင်းအဖြစ် ကြည့်မြင့်တိုင်မြောက်ပိုင်း မဲဆန္ဒနယ်မြေမှ ဝင်ရောက်အရွေးခံရာ လွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရသည်။

၁၉၅၈ခုနှစ် ဖဆပလ အဖွဲ့ နှစ်ခြမ်းကွဲသောအခါ သန့်ရှင်း ဖဆပလ အဖွဲ့၏ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၀ပြည့်နှစ် တတိယအကြိမ် ပါလီမန်ရွေးကောက်ပွဲတွင် သန့်ရှင်း အမတ်လောင်းအဖြစ် ကြည့်မြင်တိုင်မြောက်ပိုင်း မဲဆန္ဒနယ်မြေမှ ဝင်ရောက်အရွေးခံရာ လွှတ်တော်အမတ်

အဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရသည်။ ပြည်ထောင်စု ပါတီနှင့် ဗ-တ-လ-စ တို့တွင် ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၆၁ခုနှစ် မတ်လ ၁၇ရက်နေ့တွင် ပြည်ထောင်စုပါတီ အမှုဆောင်တစ်ဖွဲ့လုံးနှင့်အတူ နုတ်ထွက်ခဲ့သည်။ ထို့နောက် ၁၉၆၁ခုနှစ် မတ်လ ၂၀ရက်နေ့တွင် ဖွဲ့စည်းသော ပြည်ထောင်စုပါတီ ထိန်းသိမ်းရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။

၁၉၇၂ခုနှစ် ဇူလိုင်လတွင် ရန်ကုန်ဘဆွေနှင့်အတူ ထိုင်းနိုင်ငံသို့သွားရောက်ပြီး (Parliamentary Democracy Party ) တွင်ပါဝင်ခဲ့ပြီ ယင်းပါတီတွင် အနောက်မြောက်တိုင်းမှူးအဖြစ် လည်းကောင်း၊ အားသစ်စာစောင်၏ တွဲဖက်အယ်ဒီတာအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။

၁၉၇၅ခုနှစ် ဇန်နဝါရီလ ၁ရက်နေ့တွင် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့ညီညွတ်ရေးပါတီ (ဖဆညပ) (Anti-Fascist People's Unity Party ) ကို သီးခြားတည်ထောင်ခဲ့သည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီမှ ၁၉၈၀ပြည့်နှစ် မေလ ၂၈ရက်တွင် လွတ်ငြိမ်းချမ်းသာခွင့် အမိန့် (၂/၈၀)ကို ကြေညာခဲ့ပြီးနောက် ၁၉၈၀ ပြည့်နှစ် ဇွန် ၂၁တွင် မြန်မာနိုင်ငံ ပြန်လည်ရောက်ရှိခဲ့သည်။

၁၉၈၈ အရေးအခင်းအပြီးတွင် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ် (ဒီ/ငြိမ်း)တွင် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်ခဲ့သည်။

ထို့ပြင် ဦးနုဝန်ကြီးချုပ်အဖြစ် ဦးဆောင်သည့် စစ်ပြိုင်အစိုးရတွင် လွှတ်တော်ဥက္ကဋ္ဌအဖြစ် ပါဝင်ခဲ့သည်။

၁၉၈၉ခုနှစ် ဒီဇင်ဘာ ၂၉ရက်နေ့တွင် နိုင်ငံတော်အားနှောက်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀(ခ)အရ တားဆီးမိန့်ထုတ်ပြန်ခံခဲ့ရသည်။

၁၉၉၀ပြည့်နှစ် အောက်တိုဘာ ၁၁ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အမိန့် ၅/၉၀ကို ထုတ်ပြန်ခဲ့ပြီး ဒီ/ငြိမ်း၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဖြစ်သူ ဗိုလ်မှူးအောင်အား စင်ပြိုင်အစိုးရအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ မရှိသေးသည့်အတွက် ဥပဒေနှင့်အညီ ရပ်တည်နေသူမဟုတ်သဖြင့် ဒီ/ငြိမ်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် အမည်စာရင်းမှ ပယ်ဖျက်ခဲ့သည်။

**ရရှိခဲ့သော ဆုတံဆိပ်များ**

၁၉၅၆ခုနှစ်တွင် "သတိုးသီရိသုဓမ္မဘွဲ့" ချီးမြှင့်ခံခဲ့ရသည်။


၁၉၅၉ခုနှစ် မတ် ၂၇ရက်တွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျားကြိုးပမ်း ဆောင်ရွက်ခဲ့မှုများကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)တံဆိပ်ချီးမြှင့်ဂုဏ်ပြုခြင်း ခံခဲ့ရသည်။

၁၉၈၁ခုနှစ် ဇန်နဝါရီ ၄ရက်တွင် နိုင်ငံတော်၏အကျိုးကို ဦးစီးဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ချီးမြှင့်ခြင်း ခံခဲ့ရသည်။ သို့သော် ထိုဘွဲ့ကို ၂ အောက်တိုဘာ ၁၉၈၂ခုနှစ်တွင် ပြန်လည်ရုတ်သိမ်းခံရသည်။

**လက်မှတ်**



BOH HMU AUNG
(OMURA TATASHI)



ဗိုလ်မြင့်အောင်

# ဗိုလ်မြင့်အောင်

ဗိုလ်မြင့်အောင်ကို ၁၉၁၇ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ပန်းတောင်းမြို့နယ် ၊ သူရဲတန်းကျေးရွာ၌ ဖွားမြင်ခဲ့သည်။

မိဘများမှာ ဦးပန်းနှင့် ဒေါ်သက်ရှည်တို့ဖြစ်ကြသည်။ ဗမာလူမျိုးဖြစ်ပြီး ဗုဒ္ဓဘာသာဝင်ဖြစ်သည်။

အမည်ရင်းမှာ မောင်ဖိုးစိုးဖြစ်သောကြောင့် တို့ဗမာအစည်းအရုံးကို ဝင်ရောက်သည့်အခါ သခင်စိုးဖြစ်လာပြီး အထက်တန်း အဆင့်ထိပညာသင်ကြားခဲ့သည်။

ထို့နောက် ဂျပန်နိုင်ငံကို စစ်ပညာသင်ကြားရန်စေလွှတ် သည့်ဒုတိယအသုတ်နှင့်အတူ ၁၉၄၁ ခုနှစ်ဧပြီ ၁၃ရက်နေ့တွင် ကိုင်ရှိုမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ၂၈ရက်နေ့ ဧပြီတွင် ဂျပန်နိုင်ငံ အိုဆာကာမြို့သို့ ရောက်ရှိခဲ့သည်။ ၁၉၄၁ ခုနှစ် မေ ၉ရက်နေ့တွင် လေယာဉ်ပျံဖြင့် တိုကျိုမှ

ဟိုင်နန်ကျွန်း သို့ သွားရောက်ရာ မေ ၁၀ရက်နေ့တွင် ရောက်ရှိခဲ့ပြီး စစ်ပညာများ သင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် ထားဝယ် စစ်ကြောင်းဖြင့် မြန်မာနိုင်ငံတွင်း ချီတက်၍ ဗြိတိသျှတို့ကို တိုက်ခိုက်ခဲ့သည်။ ၁၉၄၂ ခုနှစ် ၂၇ ဇူလိုင် ဘီအိုင်အေဖျက်သိမ်းပြီး ဗမာ့ကာကွယ်ရေး တပ်မတော်(ဘီဒီအေ) ဖွဲ့စည်းသောအခါ ဗိုလ်ကြီးအဆင့်ဖြင့် စက်အမြောက်တပ်ရင်းတွင် တာဝန်ထမ်းဆောင်ခဲ့သည်။

ဖက်ဆစ်ဂျပန် တော်လှန်ရေးကာလတွင် တိုင်း "၇" (သရက်၊ အောင်လံ၊ မကွေး၊ မင်းဘူး)တွင် တာဝန်ကျပြီး စက်အမြောက်တပ်ရင်းကို ခေါင်းဆောင်၍ ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တိုက်ခိုက်ခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးအပြီးတွင် နတ္တလင်းမြို့သို့ ဗိုလ်ချုပ်အောင်ဆန်း ရောက်ရှိလာရာ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မြင့်အောင်၊ ဗိုလ်ဗလတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

**ဘဝနိဂုံး**

၁၉၄၅ ခုနှစ် ဇွန် ၂၄ တွင် နတ္တလင်းမြို့၌ ကိုယ့်ကိုယ်ကို သတ်သေခဲ့သည်။

**ရရှိခဲ့သောဆုတံဆိပ်များ**

၁၉၅၉ခုနှစ် မတ်၂၇ တွင် မြန်မာ့ လွတ်လပ်ရေးကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့် လူမျိုးလွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျား ကြိုးပမ်းဆောင်ရွက်မှုကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့် ) တံဆိပ် ချီးမြှင့် ဂုဏ်ပြုခြင်းခံခဲ့ရသည်။



ဗိုလ်ထိန်ဝင်း

# ဗိုလ်ထိန်ဝင်း

ဗိုလ်ထိန်ဝင်း ၁၉၁၄ ခုနှစ် မေလ ၁၇ရက်နေ့တွင် ပဲခူး ခရိုင်ရွှေကျင်မြို့၌ မွေးဖွားခဲ့သည်။ မိဘများမှာ ဦးလွန်းမောင် နှင့် ဒေါ်ပွားတို့ဖြစ်ကြသည်။

အမည်ရင်းမှာ ကိုဆောင်းဖြစ်သည်။

ပညာသင်ကြားရာတွင် ညောင်လေးပင်မြို့ အမျိုးသား အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ပြီး အင်္ဂလိပ်မြန်မာ ၁၀ တန်းစာမေးပွဲအောင်မြင်ခဲ့သည်။

၁၉၃၆-၃၇ ခုနှစ်တွင် ခေတ်သစ်သဘင်အဖွဲ့ကို တည်ထောင်၍ မျက်လှည့်ပညာပြခဲ့သည်။

ထို့နောက်

ဂျပန်နိုင်ငံတိုကျိုမြို့ရှိလက်မှုပညာအတတ်သင်တက္ကသိုလ်တွင် တတ်ရောက်ပညာသင်ကြားနေစဉ် ဗိုလ်မှူးကြီး ဆူဇူကီး (ခေါ်) ဗိုလ်မှူးကြီးနှင့် ဆက်သွယ်မိခဲ့ပြီးဂျပန်နိုင်ငံ ရောက်ရှိနေသည့်သခင်အောင်ဆန်း၊ သခင်လှမြိုင်တို့နှင့် တွေ့ဆုံပေးခဲ့သောကြောင့် ဂျပန်စစ်ဦးစီးဌာနချုပ်က မြန်မာနိုင်ငံကို စည်းရုံးသိမ်းသွင်းရန် မိနာမီအဖွဲ့ ဖွဲ့စည်းသောအခါ အဖွဲ့ဝင်ဖြစ်လာ

ခဲ့သည်။

မိနာမီအဖွဲ့ဝင် ဖြစ်လာပြီးနောက် ထိုင်းနိုင်ငံတွင် လျှို့ဝှက်တာဝန်ထမ်းဆောင်ရန် အဆာဟိစန်မာရူးသင်္ဘော (Asahi San Maru) ဖြင့် ၁၉၄၁ခုနှစ် မတ်လ ၁ ရက်နေ့တွင် ဂျပန်နိုင်ငံမှ ထိုင်းနိုင်ငံသို့ ထွက်ခွာခဲ့ရာ မတ်လ ၁၂ ရက်နေ့တွင် ဗန်ကောက်မြို့သို့ ရောက်ရှိခဲ့ပြီး မတ် ၂၃ မှ ဇူလိုင် ၂၉အထိ ၅လခန့် ထိုင်းနိုင်ငံ ဇင်းမယ်မြို့တွင် မြန်မာနိုင်ငံအတွင်း သူပုန်ထအရေးအတွက် လက် နက်များသွင်းရန်နှင့် မြန်မာနိုင်ငံမှ လျှို့ဝှက်စွာ ထွက်ခွာလာသော မျိုးချစ်လူငယ်များအား စောင့်ကြိုရန် တာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၄၁ ခုနှစ် ဩဂုတ်၁၅ရက်နေ့တွင် သခင်သန်းတင်ကို ဂျပန်နိုင်ငံသို့ပို့ပေးရန် ဒေလီမာရူးသင်္ဘော (Delhi Maru) ဖြင့် ဂျပန်နိုင်ငံသို့ ထွက်ခွာခဲ့သည်။ ရဲဘော်သုံးကျိပ်ဝင်များ စစ်ပညာ သင်တန်းများပြီးဆုံးပြီးနောက် ထိုင်းနိုင်ငံ ဗန်ကောက်သို့ ရောက်ရှိခဲ့ရာ ဗန်ကောက်မြို့ ဝါဒဖြန့်ဖြူးရေးဌာနမှနေ၍ မြန်မာဘာသာဖြင့် အသံလွှင့်ဝါဒ ဖြန့်ခဲ့သည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၉ ရက်နေ့တွင် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပြီး ပြန်ကြားရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်

ခဲ့သည်။ ဖက် ဆစ်တော်လှန်ရေး စတင်ပြီးနောက် ဂျပန်တပ်မတော် ရန်ကုန် မြို့မှ ဆုတ်ခွာသွားသည့်အခါ ဂျပန်တပ်မတော်နှင့် အတူ မော်လမြိုင်သို့ လိုက်ပါသွားခဲ့ရသည်။ မော်လမြိုင်တွင် ဂျပန်တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်နေရသော်လည်း ဖက်ဆစ်ဂျပန်တို့က မသင်္ကာ၍ ဖမ်းဆီးထားသည့် မြန်မာ တော်လှန်ရေး သမားများ လွတ်မြောက်ရေးအတွက် အကူအညီများ ပေးခဲ့သည်။

မော်လမြိုင်တွင်ရှိစဉ် ကျန်းမာရေးမကောင်း၍ ထိုင်းနိုင်ငံသို့ ဆေးကုသရန် သွားရောက်ခဲ့ရာ ၁၉၄၅ နိုဝင်ဘာလတွင် ထိုင်းနိုင်ငံ လန်ပန်မြို့ (Lampang) ၌ အဆုတ်နာရောဂါဖြင့် ကွယ်လွန်သည်။

## ရရှိခဲ့သောဆုတံဆိပ်များ

၁၉၅၉ ခုနှစ် မတ် ၂၇ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုးလွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျား ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်းအထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (တတိယဆင့်) တံဆိပ် ချီးမြှင့် ဂုဏ်ပြုခြင်းခံခဲ့ရသည်။



ဗိုလ်ဘုန်းမြင့်

# ဗိုလ်ဘုန်းမြင့်

ဗိုလ်ဘုန်းမြင့်ကို ၁၉၂၀ ပြည့်နှစ် ဇန်နဝါရီလ ၃ ရက် နေ့တွင် သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်၊ ကွမ်းခြံရွာတွင် မွေးဖွားခဲ့သည်။

မိဘများမှာ ဦးဘနှင့် ဒေါ်ရွှေခဲတို့ဖြစ်ကြပြီး ဗမာလူမျိုး၊ ဗုဒ္ဓဘာသာဝင်ဖြစ်သည်။

အမည်ရင်းမှာ ကိုတင်အေးဖြစ်သောကြောင့် တို့ဗမာအစည်းအရုံးကိုဝင်သောအခါ သခင်တင်အေးဖြစ်လာသည်။

လက်ပံတန်းမြို့ ဆရာကြီးဦးစိန်၏မြန်မာဘာသာအထက်တန်းကျောင်းတွင် နဝမတန်းအောင်မြင်ခဲ့သည်။

ထို့နောက်

၁၉၄၁ ခုနှစ်တွင် မင်းလှမြို့နယ်ရှိ နော်မန်ကျောင်းတွင် အလယ်တန်းပြဆရာအဖြစ် သင်တန်းတက်ရောက်ခဲ့ရာ ထူးချွန်စွာအောင်မြင်ခဲ့သဖြင့် ရွှေတံဆိပ်ချီးမြှင့်ခြင်းခံခဲ့ရသည်။ မင်းလှမြို့နယ်၏ကျောင်းသားသမဂ္ဂဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည်။

ဂျပန်နိုင်ငံသို့စစ်ပညာသင်ကြားရန်စေလွှတ်သည့်ဒုတိယအသုတ် ၁၉၄၁ ခုနှစ် ဧပြီ ၁၃ရက်နေ့တွင် ကိုင်ရှိုမာရူးသင်္ဘော

ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာဧပြီ ၂၈ ရက်နေ့တွင် ဂျပန်နိုင်ငံ အိုဆကာမြို့သို့ရောက်ရှိခဲ့သည်။ မေ ၉ ရက်နေ့ တွင် လေယာဉ်ပျံဖြင့် တိုကျိုမှ ဟိုင်နန်ကျွန်းသို့ ထွက်ခွာလာရာ မေ၁၀ ရက်တွင် ရောက်ရှိခဲ့ပြီး စစ်ပညာများသင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) မြန်မာနိုင်ငံတွင်း ချီတက်တိုက်ခိုက်ရန် စစ်ကြောင်းများ အသီးသီးသတ်မှတ်သောအခါ ဂျပန်တပ်မ အမှတ် ၅၅၏ ဆက်သွယ်ရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၂ခုနှစ် ဇူလိုင် ၂၇ ရက်နေ့တွင် ဘီအိုင်အေ ဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)ဖွဲ့စည်းသောအခါ ဗိုလ်ကြီးအဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

ဖက်ဆစ်ဂျပန် တော်လှန်ရေးကာလတွင် တိုင်း၇ (သရက်၊ အောင်လံ၊ မကွေး၊ မင်းဘူး)တွင် မျိုးချစ်ဗမာ့တပ်မတော် ပီဘီအက်(ဖ်)တပ်ရင်း ၁၀၃၏ တပ်ရင်းမှူးအဖြစ် ဖက်ဆစ် ဂျပန်တို့ကို တော်လှန်တိုက်ခဲ့သည်။ မင်းလှလေယာဉ်ကွင်းကို ရဲဘော်သုံးယောက်တည်းဖြင့် စီးနင်းတိုက်ခိုက်ရာ ဂျပန် ခုနှစ်ဦး သေ၍ လက်နက်ခဲယမ်းမီးကျောက် အမြောက်အမြားကို ဖျက် ဆီးနိုင်ခဲ့သည်။

၁၉၅၀ပြည့်နှစ်တွင် ဗမာပြည်ဆိုရှယ်လစ်ပါတီ နှစ်ခြမ်းကွဲသောအခါ ဗမာပြည်အလုပ်သမား လယ်သမားပါတီတွင် ပါဝင်ခဲ့ပြီး ဗမာပြည်အလုပ်သမား လယ်သမားပါတီ သာယာဝတီခရိုင် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၂ ပထမအကြိမ် ပါလီမန်ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် ဗမာပြည် အလုပ်သမား၊ လယ်သမားပါတီ အမတ်လောင်းအဖြစ် မင်းလှအနောက်ပိုင်းအုပ်ဖိုမဲဆန္ဒနယ်မြေမှ ဝင်ရောက်အရွေးခံရာ လွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။ ၁၉၅၆ ဒုတိယအကြိမ်ပါလီမန် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် ပ မ ည တ အမတ်လောင်းအဖြစ် မိုးညိုမြို့နယ်မှ ဝင်ရောက်အရွေးခံရာ ရှုံးနိမ့်ခဲ့သည်။ ၁၉၅၅ မှ ၁၉၆၂ ခုနှစ်အထိ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု (ပ-မ-ည-တ)တွင် ပါဝင်၍ နိုင်ငံရေးဆောင်ရွက်ခဲ့သည်။


၁၉၈၉ခုနှစ် ဇူလိုင် ၂၈ရက်နေ့တွင် လက်ပံတန်းမြို့တွင် ကွယ်လွန်ခဲ့သည်။

## ရရှိခဲ့သော ဆုတံဆိပ်များ

၁၉၅၉ ခုနှစ် မတ် ၂၇ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုနောက်ဆုံးကဏ္ဍတွင် ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျား ကြိုးပမ်းဆောင် ရွက်ခဲ့မှုများကြောင့် နိုင်ငံတော်က ကျေးဇူး ဆပ်ပြား အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)တံဆိပ် ချီးမြှင့်ဂုဏ်ပြုခြင်း ခံခဲ့ရသည်။

၁၉၈၀ပြည့်နှစ် ဇွန် ၇ရက်နေ့တွင် နိုင်ငံတော်၏အကျိုး ကို ဦးစီးဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမ ဆင့်) ချီးမြှင့်ခြင်းခံခဲ့ရသည်။

လက်မှတ် ( Chin Da )



င်းမယ်တွင်ကွယ်လွန်သွားသော သခင်သန်းတင်(၂)(ဗိုလ်မြဒင်)၏
အရိုးပြာကို ဗိုလ်ချုပ်အောင်ဆန်း ယူဆောင်လာစဉ်



ဗိုလ်မြင့်ဆွေ

## ဗိုလ်မြင့်ဆွေ

ဗိုလ်မြင့်ဆွေကို ၁၉၁၁ခုနှစ် ဧပြီလ ၈ရက်နေ့တွင် ပြည်ခရိုင်၊ သဲကုန်းမြို့နယ် သရက်ပင်ကျေးရွာတွင် ဖွားမြင်ခဲ့သည်။

မိဘများမှာ ဦးဖိုးမောင်နှင့် ဒေါ်ငွေဝင်းတို့ဖြစ်ကြပြီး ဗမာလူမျိုး ဗုဒ္ဓဘာသာဝင်ဖြစ်သည်။

အမည်ရင်းမှာ ကိုထွန်းခင်ဖြစ်သောကြောင့် တို့ဗမာအစည်းအရုံးကိုဝင်ရောက်သောအခါ သခင်ထွန်းခင်ဖြစ်လာသည်။

ရွှေတောင်အမျိုးသားကျောင်းမှ စတုတ္ထတန်းအောင်မြင်ပြီး မင်းဘူးမြို့အလယ်တန်းကျောင်းတွင် သတ္တမတန်းအောင်မြင်ခဲ့သည်။ ထို့နောက် ၁၉၂၇ခုနှစ်တွင် သီဟို(ခေါ်)သီရိလင်္ကာနိုင်ငံရှိ ကိုလံဘိုမြို့ (ဂျက်ဖနာကောလိပ်) တွင် ဆက်လက်ပညာသင်ကြားခဲ့ပြီး (ဂျူနီယာကင်းဘရစ်) တန်းအောင်မြင်ခဲ့သည်။

၁၉၃၅ခုနှစ်တွင် ရေနံချောင်းမြို့၌ကျင်းပသည့် တို့ဗမာအစည်းအရုံး၏ ပထမဆုံးအကြိမ် ညီလာခံတါင် ပြည်ခရိုင်ကိုယ်

စားလှယ်အဖြစ် တက်ရောက်ခဲ့ပြီး ထိုညီလာခံမှ တို့ဗမာအစည်း အရုံးဌာနချုပ် အလုပ်အမှုဆောင်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။ ထို့နောက် ၁၉၃၆ခုနှစ် မြင်းခြံတွင်ကျင်းပသည့် တို့ဗမာအစည်းအရုံး၏ ဒုတိယအကြိမ်မြောက် ညီလာခံတွင် ဌာနချုပ်ဘဏ္ဍာရေးအဖြစ် ရွေးချယ်ခြင်းခံရပြန်သည်။ ၁၉၃၈ခုနှစ် တို့ဗမာအစည်းအရုံး နှစ်ခြမ်းကွဲသောအခါ သခင်ထွန်းအုပ်၊ သခင်ဗစိန် တို့ဗမာအစည်းအရုံးတွင် ပါဝင်ခဲ့သည်။

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန် စေလွှတ်သည့် စတုတ္ထအသုတ်နှင့်အတူ ၁၉၄၁ခုနှစ် ဇူလိုင် ၈ရက်နေ့တွင် ကိုရိယုမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ပြီး ဇူလိုင် ၂၂ရက်နေ့တွင် ရှန်ဟိုင်းသို့ရောက်ရှိခဲ့သည်။ ၁၉၄၁ခုနှစ် ဩဂုတ် ၈ရက်နေ့တွင် တိုကျိုမှ ဟိုင်နန်ကျွန်းသို့ လေယာဉ်ပျံဖြင့် သွားရောက်ရာ ဩဂုတ် ၁၁ရက်နေ့တွင် ဟိုနန်ကျွန်းသို့ရောက်ရှိခဲ့ပြီး စစ်ပညာများသင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေး တပ်မတော်(ဘီအိုင်အေ) မြန်မာနိုင်ငံကင်းမချီတက်မီ ပြည်တွင်းသူပုန်အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံအတွင်း ဝင်ရောက်ခဲ့ရာ ၁၉၄၁ခုနှစ် ဒီဇင်ဘာ ၁၁ရက်နေ့တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့သည်။ ထို့နောက် ပြည်သူ့

အရေးတော်ပုံပါတီဝင်များနှင့် တွေ့ဆုံပြီး ဂျပန်တပ်များ အကြောင်းနှင့် မှာကြားလိုက်သော ကိစ္စများကို သတင်းပို့ခဲ့ပြီး ရန်ကုန်၊ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်မြို့တို့တွင် စစ်ပညာ သင်တန်းပေးခြင်း၊ စစ်လက်နက်ငယ် သင်တန်းပေးခြင်းများကို ဆောင်ရွက်ခဲ့သည်။

ဘီအိုင်အေတွင် ဗိုလ်မှူးရာထူးဖြင့် တာဝန်ထမ်း ဆောင်ခဲ့သည်။ ၁၉၄၂ခုနှစ် ဇူလိုင် ၂၇ရက်နေ့တွင် ဘီအိုင်အေ ဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)ဖွဲ့စည်း သောအခါ ဗိုလ်ကြီးရာထူးဖြင့် ရန်ကုန်စစ်ရုံးတွင် တာဝန်ထမ်း ဆောင်ခဲ့သည်။ ထို့နောက် ပျဉ်းမနားစစ်ရုံးချုပ်၊ တပ်ရင်း(၄)၊ ပဲခူးစံပြတပ်ရင်း၊ စစ်ဝန်ကြီးရုံးနှင့် လေ့ကျင့်ရေးဌာနချုပ်တို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။

ဖက်ဆစ်ဂျပန် တော်လှန်ရေးကာလတွင် တိုင်းအမှတ် (၄) (ပဲခူး၊ ရွှေကျင်၊ သထုံ)တွင် ဒုတိယစစ်ခေါင်းဆောင်အဖြစ် ဖက်ဆစ်ဂျပန်များကို တော်လှန်တိုက်ခိုက်ခဲ့သည်။ ဂျပန်တော် လှန်ရေးအပြီးတွင် ဗမာ့တပ်မတော်မှ နုတ်ထွက်ခဲ့သည်။

၁၉၅၈ခုနှစ်၊ ဖဆပလ နှစ်ခြမ်းကွဲသောအခါ သန့်ရှင်း ဖဆပလအဖွဲ့တွင် ပါဝင်ခဲ့ပြီး ၁၉၆၀ပြည့်နှစ် တတိယအကြိမ်

ပါလီမန်ရွေးကောက်ပွဲတွင် သန့်ရှင်းဖဆပလအမတ်လောင်း အဖြစ် ပခုက္ကူအရှေ့ပိုင်း မဲဆန္ဒနယ်မြေမှ ဝင်ရောက်အရွေးခံ ရာ လွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။

၁၉၆၀ပြည့်နှစ်မှ ၁၉၆၂ခုနှစ် မတ်လအထိ ပါလီမန် အတွင်းဝန်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၇၃ခုနှစ် ဇန်နဝါရီ ၂၃ရက်နေ့တွင် ရန်ကုန်မြို့၌ နှလုံးသွေးကြောပိတ်ရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

**ရရှိခဲ့သသောဆုတံဆိပ်များ**

၁၉၅၉ခုနှစ် မတ် ၂၇ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု နောက်ဆုံးကာလ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့် လူမျိုးအတွက် သက်စွန့်ဆံဖျားကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)တံဆိပ် ချီးမြှင့်ဂုဏ်ပြုခြင်း ခံခဲ့ရ သည်။

လက်မှတ် Boh Myint Swey

Nagamura Hitoshi



ဗမာ့လွတ်လပ်ရေးဘပ်မတော်၏ဗိုလ်ချုပ် ဗိုလ်မိုးကြိုး



ဗိုလ်ရန်နိုင်

# ဗိုလ်ရန်နိုင်

ဗိုလ်ရန်နိုင် ၁၉၁၈ခုနှစ် နိုဝင်ဘာလ ၂ရက်နေ့တွင် အောင်လံမြို့နယ်၊ ကမ္မလေးကျေးရွာ၌ ဖွားမြင်ခဲ့သည်။

မိဘများမှာ ဦးခန့်နှင့် ဒေါ်သန့်တို့ဖြစ်ပြီး ဗမာလူမျိုး ဗုဒ္ဓဘာသာဝင်ဖြစ်သည်။

အမည်ရင်းမှာ ကိုထွန်းရှိန်ဖြစ်သည်။

ကမ္မလေးကျေးရွာ ဆရာကြီးဦးချမ်းသာ၏ တိုင်းရင်းမြန်မာစာသင်ကျောင်းတွင် မူလတန်းအဆင့်အထိ ပညာသင်ကြားခဲ့သည်။ ထို့နောက် အောင်လံမြို့တွင် အလယ်တန်းအဆင့် အထိ ပညာသင်ကြားခဲ့ပြီး ပြည်မြို့အစိုးရအထက်တန်းကျောင်းတွင် ပညာဆက်လက်သင်ကြားခဲ့သည်။ ၁၉၃၆ ကျောင်းသား သပိတ်ခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့သည့်အတွက် အဖမ်းခံခဲ့ရသည်။ ၁၉၃၇ခုနှစ်တွင် ဒသမတန်း

အောင်မြင်ခဲ့သောကြောင့် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက် ပညာသင်ကြားခဲ့ပြီး ၁၉၃၈-၃၉ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားများ သမဂ္ဂ အမှုဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် ၁၉၃၈ခုနှစ် ရန်ကုန်တက္ကသိုလ် တတိယကျောင်း သား သပိတ် ဖြစ်ပွားသောအခါ ခေါင်းဆောင်တစ်ဦးအဖြစ် ပါဝင်ခဲ့ သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သံမဏိတပ်ကို တည်ထောင်ပြီး ဂဏမဆုံး တပ်မှူးအဖြစ် ဆောင်ရွက်ခဲ့ရာ သံမဏိထွန်းရှိန်ဟု သမဂ္ဂနှင့် ဗမာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသား များ သမဂ္ဂတွင် အထွေထွေ အတွင်း ရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ သည်။ ၁၉၄၀ ပြည့်နှစ် မတ် ၂၉ရက်နေ့တွင် အိန္ဒိယနိုင်ငံ ရမ်းဂါးမြို့တွင် ကျင်းပသော အိန္ဒိယအမျိုးသားကွန်ဂရက်သို့ မြန်မာကျောင်း သားများ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန် စေလွှတ်သည့် ပထမအသုတ်နှင့်အတူ ၁၉၄၁ခုနှစ် မတ် ၁၀ရက်နေ့တာင် ရွှန်း တင်းမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှထွက်ခွာခဲ့ရာ မတ် ၂၇ရက် နေ့တွင် ဂျပန်နိုင်ငံ တိုကျိုမြို့ကသို့ ရောက်ရှိခဲ့သည်။ တိုကျိုမြို့ တွင် ၁၀ရက်ခန့်နေပြီးနောက် ၁၉၄၁ခုနှစ် ဧပြီလတွင် စစ်ပညာ

သင်ကြားရန် တိုင်ဝမ်ကျွန်းမှတစ်ဆင့် ဟိုင်နန်ကျွန်းသို့သွား ရောက်ခဲ့သည်။ ဟိုင်နန်ကျွန်းတွင် စစ်ပညာသင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ) ရေ ကြောင်းချီတပ်ဖွဲ့ (မြိတ်စစ်ကြောင်း)ဖြင့် မြန်မာနိုင်ငံတွင်း ချီ တက်၍ ဗြိတိသျှတို့ကို တိုက်ခိုက်ခဲ့သည်။ ၁၉၄၂ခုနှစ် မတ်လ တွင် ဗိုလ်ရန်နိုင်ဦးစီးတိုက်ခိုက်သည့် ရွှေတောင်တိုက်ပွဲသည် သမိုင်းတွင်သည့် တိုက်ပွဲတစ်ပွဲဖြစ်သည်။

၁၉၄၂ခုနှစ် ဇူလိုင် ၂၇ရက်နေ့တွင် ဘီအိုင်အေကို ဖျက်သိမ်း၍ ဗမာ့တပ်ရင်း ၂ တပ်မှူးကြီးအဖြစ် ဆောင်ရွက်ခဲ့ သည်။ ထို့အပြင် ၁၉၄၉-ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ စစ်ရေးအတွင်းဝန် အဖြစ်လည်းကောင်း၊ အဓိပတိ ဒေါက်တာ ဘမော်၏ စစ်ရေးအတွင်းဝန်အဖြစ်လည်းကောင်း ဆောင်ရွက် ခဲ့ပြီး စစ်ရေးအတွင်းဝန်အဖြစ် အရှေ့အာရှ ကွန်ဖရင့်တက် ရောက်ခဲ့သည်။ ဂျပန်ခေတ်မင်္ဂလာဒုံ စစ်တက္ကသိုလ်ကျောင်း အုပ်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရသောအချိန်၌ ဖဆပလ အစိုးရ၏ပုဒ်မ (၅)ဖြင့် ဖမ်းဆီးခြင်းခံရသည်။ ၁၉၅၁-ခုနှစ်တွင် ထောင်မှလွတ်လာပြီးနောက် ဒေါက်တာဘမော်၏

မဟာ ဗမာပါတီတွင်ပါဝင်၍ နိုင်ငံရေးဆောင်ရွက်ခဲ့သည်။ ထို့နောက် သုံးပွင့်ဆိုင်မဟာမိတ်အဖွဲ့၊ အတိုက်အခံပေါင်းစုံ မဟာမိတ်အဖွဲ့နှင့် ပြည်ချစ် မဟာမိတ်အဖွဲ့တို့တွင် ပါဝင်ခဲ့သည်။

၁၉၅၁- ပထမအကြိမ် ပါလီမန်ရွေးကောက်ပွဲတွင် မဟာ ဗမာအမတ်လောင်းအဖြစ် သိမ်ဖြူမြောက်ပိုင်း မဲဆန္ဒနယ်မှ လည်းကောင်း၊ ၁၉၅၆-ခု ဒုတိယအကြိမ် ပါလီမန်ရွေးကောက်ပွဲတွင် အမျိုးသားအုပ်စုအမတ်လောင်းအဖြစ် ရမည်းသင်းမြောက်မဲဆန္ဒနယ်မှ လည်းကောင်း၊ ၁၉၆၀ တတိယအကြိမ် ပါလီမန်ရွေးကောက်ပွဲတွင် အမျိုးသားမဟာမိတ်အဖွဲ့အမတ်လောင်းအဖြစ် သရက်အရှေ့ပိုင်း မဲဆန္ဒနယ်မှလည်းကောင်း ဝင်ရောက်အရွေးခံရာ ရှုံးနိမ့်ခဲ့သည်။

၁၉၆၅ခုနှစ် မတ် ၁၂ရက်နေ့တွင် ဗိုလ်မှူးချုပ်ဟောင်းစောကြာဒိုး၊ ဇာလီမော်၊ မစ္စတာပက်တို့ ပါဝင်သည့်အဖွဲ့နှင့်အတူ ထိုင်းနိုင်ငံသို့ လျှို့ဝှက်ထွက်ခွာခဲ့သည်။ ထို့နောက် ၁၉၆၆ ခုနှစ် မတ်လတွင် ထိုင်းမြန်မာနယ်စပ်တွင် အမျိုးသားလွတ်မြောက်ရေး တပ်မတော် ဖွဲ့စည်းခဲ့သလို ၁၉၆၆ခုနှစ် အောက်တိုဘာလတွင် အမျိုးသားလွတ်မြောက်ရေးကောင်စီကို ဖွဲ့စည်းခဲ့ပြန်သည်။

၁၉၆၉ခုနှစ် ဦးနုဦးဆောင်သော ပါတီမန် ဒီမိုကရေစီ ဖွဲ့စည်းရာ၌ အလုပ်အမှုဆောင်တစ်ဦးအဖြစ် ပါဝင်ခဲ့သည်။ ထို့နောက် ပါလီမန်ဒီမိုကရေစီပါတီမှ ဦးနု နှုတ်ထွက်သွားပြီး နောက် ဗိုလ်လကျ်ာ ဥက္ကဋ္ဌအဖြစ် ဦးဆောင်သည့် ပြည်သူ့ပြည် ချစ်ပါတီတွင် အလုပ်အမှုဆောင် တစ်ဦးအဖြစ် ပါဝင်ခဲ့ပြန် သည်။ ၁၉၇၅ခုနှစ် ဇူလိုင် ၁၈ရက်နေ့တွင် ပြည်သူ့ပြည်ချစ် ပါတီမှ ထုတ်ပယ်ခြင်းခံရသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတနိုင်ငံတော် နိုင်ငံတော်ကောင်စီမှ ၁၉၈၀ပြည့်နှစ် မေ ၂၈ရက်နေ့တွင် လွတ်ငြိမ်းချမ်း သာခွင့် အမိန့် ၂/၈၀ ကို ကြေညာခဲ့ပြီးနောက် ၁၉၈၀ပြည့်နှစ် တွင် ဩဂုတ် ၁၈ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လာခဲ့သည်။

၁၉၈၉ခုနှစ် ဇန်နဝါရီ ၂၈ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ရရှိခဲ့သော ဆုတံဆိပ်များ**


၁၉၄၂- မတ်လ ရွှေတောင်တိုက်ပွဲအပြီး ဗမာ့လွတ်လပ်ရေး တပ်မတော်(ဘီအိုင်အေ)၏ သူရဲကောင်းတံဆိပ် (ဒုတိယ ဆင့်) ရရှိခဲ့သည်။

၁၉၅၉-ခုနှစ် မတ် ၂၇ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုနောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျား ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်းအထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်) တံဆိပ် ချီးမြှင့်ဂုဏ်ပြုခြင်း ခံခဲ့ရသည်။

၁၉၈၁ခုနှစ် ဇန်နဝါရီ ၄ရက်နေ့တွင် နိုင်ငံတော်၏ အကျိုးကို ဦးစီးဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ချီးမြှင့်ခြင်းခံခဲ့ရသည်။



လက်မှတ်



ဗိုလ်ချုပ်အောင်ဆန်းအား ဂျပန်ဘုရင်ကချီးမြှင့်သည့်
တက်နေဝန်းတံဆိပ် (၂၂-မတ်-၄၃)



ဗိုလ်လင်းယုန်

# ဗိုလ်လင်းယုန်

ဗိုလ်လင်းယုန်ကို ၁၉၁၇ခုနှစ် အောက်တိုဘာလတွင် တောင်ငူမြို့၌ မွေးဖွားခဲ့သည်။ မိဘများမှာ ဦးအောင်သိန်းနှင့် ဒေါ်ဒေါ်စိမ်းတို့ ဖြစ်ကြပြီး ဗမာလူမျိုးဗုဒ္ဓဘာသာဖြစ်သည်။

အမည်အရင်းမှာ ကိုထွန်းရွှေဖြစ်သောကြောင့် တို့ဗမာ အစည်းအရုံးကို ဝင်ရောက်သည့်အခါ သခင်ထွန်းရွှေ ဖြစ်လာသည်။

ဂျပန်နိုင်ငံကို စစ်ပညာသင်ကြားရန် စေလွှတ်သည်။

ဒုတိယအသုတ်နှင့်အတူ ၁၉၄၁ခုနှစ် ဧပြီ ၁၃ရက်နေ့တွင် ကိုင်ရှိမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ဧပြီ ၂၈ရက်နေ့တွင် ဂျပန်နိုင်ငံ အိုဆာကာမြို့သို့ ရောက်ရှိခဲ့သည်။

ထို့နောက် ၁၉၄၁ခုနှစ် မေ ၉ရက်နေ့တွင် တိုကျိုမှ လေယာဉ်ပျံဖြင့် ထွက်ခွာလာရာ မေ ၁၀ရက်နေ့တွင် ဟိုင်နန်ကျွန်းသို့ ရောက်ရှိခဲ့ပြီး စစ်ပညာများသင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) မြန်မာနိုင်ငံတွင် မချီတက်မီ ပြည်တွင်းသူပုန်အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံတွင်း ဝင်ရောက်ခဲ့ရာ ၁၉၄၂ခုနှစ် ဖေဖော်ဝါရီ ၂ရက်နေ့တွင် ဗိုလ်မှူးကြီးနေဝင်း၊ ဗိုလ်မိုးညိုတို့နှင့်အတူ ရန်ကုန်မြို့သို့ ရောက်ရှိခဲ့သည်။ ထို့နောက် ပြည်သူ့အရေးတော်ပုံပါတီဝင်များနှင့် ဆက်သွယ်ကာ ရန်ကုန်မြို့၊ မင်းလှမြို့၊ ပဲခူးမြို့နှင့် မန္တလေးမြို့တို့တွင် စစ်ပညာသင်တန်းပေးခြင်း၊ လက်နက်ငယ်သင်တန်းပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ ၁၉၄၂ခုနှစ် ဇူလိုင် ၂၇ရက်နေ့တွင် ဘီအိုင်အေ ကိုဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ)ဖွဲ့စည်းသောအခါ ဗိုလ်ကြီးအဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလက ခရမ်း၊ သုံးခွဒေသတွင် ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တိုက်ခိုက်ခဲ့သည်။


၁၉၇၄ခုနှစ် ဧပြီ ၈ရက်နေ့တွင် လေဖြတ်ရောဂါဖြင့် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ဆုတံဆိပ်ရေးရာ**

၁၉၇၂ခုနှစ် မတ်လ ၂၇ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုးအတွက် သက်စွန့်ဆံဖျားကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)တံဆိပ် ချီးမြှင့်ဂုဏ်ပြုခြင်း ခံခဲ့ရသည်။



**လက်မှတ်**



ဗိုလ်ဗလ

## ဗိုလ်ဗလ

ဗိုလ်ဗလကို ၁၉၁၇ခုနှစ် မတ်လ ၁၇ရက်နေ့တွင် မြောင်းမြခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ် ကျိုက်ပိရွာတွင် မွေးဖွားခဲ့သည်။

မိဘများမှာ ဦးကျော်ဟန်နှင့် ဒေါ်သိန်းတို့ဖြစ်ကြပြီး ဗမာလူမျိုး ဗုဒ္ဓဘာသာဝင်ဖြစ်သည်။

အမည်ရင်းမှာ ကိုသန်းရင်ဖြစ်ပြီ တို့ဗမာ အစည်းအရုံးကို ဝင်ရောက်သည့်အခါ သခင်ထွန်းလွင်ဖြစ်လာ ခဲ့သည်။

လပွတ္တာအစိုးရအထက်တန်းကျောင်းတွင် သတ္တမတန်းအထိ ပညာသင်ကြားခဲ့သည်။

၁၉၃၈ခုနှစ်တွင် မြောင်းမြစီရင်စု တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်ကာ နိုင်ငံရေးဆောင်ရွက်ခဲ့သည်။ ထို့နောက် ၁၉၃၈ -၃၉ မြောင်းမြစီရင်စု ဗမာ့လက်ရုံးတပ်များ တည်ထောင်သောအခါ ခေါင်းဆောင်တစ်ဦးဖြစ်လာသည်။ ၁၉၃၈ခုနှစ် သာယာဝတီ တို့ဗမာအစည်းအရုံး ညီလာခံတွင် မြောင်းမြခရိုင် ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။ ထိုညီလာခံတွင် သခင်ထွန်းလွင်သည် တို့ဗမာအစည်းအရုံးဌာနချုပ် အလုပ်

အမှုဆောင်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။ ၁၉၃၈ ခုနှစ် တို့ဗမာအစည်းအရုံးနှစ်ခြမ်းကွဲသောအခါ သခင်ကိုယ်တော်မှိုင်း၊ သခင်မြ တို့ဗမာအစည်းအရုံးတွင် ပါဝင်ခဲ့သည်။

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန် စေလွှတ်သည့် စတုတ္ထအသုတ်နှင့်အတူ ၁၉၄၁ခုနှစ် ဇူလိုင် ၈ရက်နေ့တွင် ရှန်ဟိုင်းသို့ရောက်ရှိခဲ့သည်။ ၁၉၄၁ခုနှစ် ဩဂုတ် ၈ရက်နေ့တွင် တိုကျိုမှဟိုင်နန်ကျွန်းသို့ လေယာဉ်ပျံဖြင့် သွားရောက်ရာ ဩဂုတ် ၁၁ရက်နေ့တွင် ရောက်ရှိခဲ့ပြီး စစ်ပညာများသင်ကြားခဲ့သည်။

ထို့နောက် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ထားဝယ် စစ်ကြောင်းဖြင့် မြန်မာနိုင်ငံတွင်းချီတက်၍ ဗြိတိသျှတို့ကို တိုက်ခိုက်ခဲ့သည်။ ၁၉၄၂ခုနှစ် ဇူလိုင် ၂၇ရက်နေ့တွင် ဘီအိုင်အေ ဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီ အေ)ဖွဲ့စည်းသောအခါ ဗိုလ်ကြီးအဆင့်ဖြင့် တာဝန်ကျ ဆောင်ခဲ့သည်။

၁၉၅၈ခုနှစ်တွင် တပ်မတော်မှ အငြိမ်းစားယူခဲ့ပြီး နိုင်ငံရေးနယ်ပယ်သို့ ပြန်ဝင်ခဲ့ပြီး ၁၉၆၀ပြည့်နှစ် တတိယအကြိမ် ပါလီမန်ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် သန့်ရှင်း

ဖဆပလ အမတ်လောင်းအဖြစ် ချောက်မြို့ မဲဆန္ဒနယ်မှ ဝင်ရောက်အရွေးခံရာ လွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။

**ရရှိခဲ့သော ဆုတံဆိပ်များ**

၁၉၅၅ခုနှစ် ဇန်နဝါရီတွင် ယဂိုစလားဗီးယား သမ္မတတီးတိုး၏ စစ်သည်တော်ကောင်း(တတိယဆင့်) ချီးမြှင့်ခြင်း ခံခဲ့ရသည်။

၁၉၅၉ခုနှစ် မတ် ၂၇ရက်နေ့တွင် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) တံဆိပ်ချီးမြှင့် ဂုဏ်ပြုခြင်း ခံခဲ့ရသည်။

၁၉၈၀ပြည့်နှစ် ဇွန် ၇ ရက်နေ့တွင် နိုင်ငံတော်၏အကျိုးကို ဦးစီးဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံဂုဏ်ရည်ဘွဲ့(ပထမဆင့်) ချီးမြှင့်ခြင်း ခံခဲ့ရသည်။



လက်မှတ်



သခင်ထွန်းအုပ်

# သခင်ထွန်းအုပ်

သခင်ထွန်းအုပ်ကို ၁၉၀၇ခုနှစ် ဒီဇင်ဘာလ ၇ရက်နေ့တွင် ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ သိုက်တောရွာတွင် ဖွားမြင်ခဲ့သည်။

မိဘများမှာ ဦးရွှေနှင့် ဒေါ်ရွှေတို့ဖြစ်ကြသည်။ အမည်ရင်းမှာ ကိုထွန်းအုပ်ဖြစ်ပြီး တို့ဗမာအစည်းအရုံးကိုဝင်သောအခါ သခင်ထွန်းအုပ်ဖြစ်လာသည်။

ပညာရေးကို သိုက်တောအလယ်တန်းကျောင်း၌ သင်ကြားခဲ့ပြီး မှော်ဘီမြို့နယ်နှင့် ရန်ကုန်မြို့တို့တွင် ဆက်လက်ပညာသင်ကြားခဲ့သည်။

ထို့နောက်

၁၉၂၇ခုနှစ်တွင် သီဟိုဠ်(ယခု သီရိလင်္ကာ)နိုင်ငံ၊ ကိုလံဘိုမြို့ (စိန့်ဂျိုးဇက်ကောလိပ်) တွင်ပညာသင်ကြားခဲ့ပြီး (စီနီယာကင်းဘရစ်) တန်း အောင်မြင်ခဲ့သည်။ ထိုမှတဆင့် (ဟာနနာကောလိပ်) တွင် ဆက်လက် ပညာသင်ကြားခဲ့သည်။

ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် ၁၉၃၇ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၃၈ခုနှစ်တွင် တစ်ကြိမ် အဖမ်း

ခံရသည်။ ၁၉၃၈ခုနှစ်တွင် တို့ဗမာအစည်းအရုံး နှစ်ခြမ်းကွဲသောအခါ သခင်ထွန်းအုပ်၊ သခင်ဗစိန် တို့ဗမာအစည်းအရုံးကို ဦးဆောင်ခဲ့သည်။

မြန်မာ့လွတ်လပ်ရေးအတွက် ဗြိတိသျှတို့ကို လက်နက်ကိုင်တော်လှန်ရန် ဂျပန်ဆရာဝန် စူဇူကီးမှတစ်ဆင့် ဂျပန်ကောင်စစ်ဝန် မစွတာဖူကိုင်း(ခေါ်) မစွတာဟူမှာ နှင့် ဆက်သွယ်ခဲ့ပြီး ဂျပန်ကောင်စစ်ဝန်၏ အကြံပေးချက်အရ ဗမာ့လက်ရုံးတပ် ဗိုလ်ချုပ် သခင်လှဖေ(ပင်ဖြူ)ကို ထိုင်းနိုင်ငံသို့ စေလွှတ်ရန်ကြိုးစားရာ မအောင်မြင်ခဲ့ပေ။

၁၉၄၀ပြည့်နှစ် ဇွန် ၁၀ရက်နေ့တွင် ဂျူဗလီဟောဝ်၌ ဂျပန်သွားစိုက်ဆရာဝန် မစွတာကိုကုဘု နှင့် မြန်မာ့လွတ်လပ်ရေးအတွက် ဂျပန်ထံမှ အကူအညီရရန် ထပ်မံတွေ့ဆုံဆွေးနွေးခဲ့သည်။ ထိုသို့ဆွေးနွေးပြီးနောက် သခင်ဗစိန်အား ထိုင်းနိုင်ငံဆိုင်ရာ ဂျပန်စစ်သံမှူးနှင့်တွေ့ဆုံရန် ၁၉၄၀ပြည့်နှစ် အောက်တိုဘာလတွင် ထိုင်းနိုင်ငံသို့ စေလွှတ်ခဲ့သည်။ သို့သော် ထိုင်းနိုင်ငံနယ်စပ်ကို ဖြတ်ကျော်ရန်ကြိုးစားစဉ် ၁၉၄၀ပြည့် အောက်တိုဘာ ၁၃ ရက်နေ့တွင် ဗြိတိသျှစုံထောက်များ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။

၁၉၄၀ပြည့်နှစ် အောက်တိုဘာလတွင် သခင်အောင်သန်း (ဗိုလ်စကြာ)အား ထိုင်းနိုင်ငံသို့ ထပ်မံစေလွှတ်ခဲ့သည်။

သခင်အောင်သန်းသည် ထိုင်းနိုင်ငံသို့ ချောမောစွာ ရောက်ရှိသွားပြီး ဂျပန်ရေတပ်စစ်သံမှူးနှင့် ဆက်သွယ်နိုင်ခဲ့ပြီး ဂျပန်နိုင်ငံ၌ စစ်ပညာသင်ကြားရန် မြန်မာလူငယ် (၄၀)ခန့် စေလွှတ်ပေးရန် အကြောင်းကြားခဲ့သည်။ သခင်အောင်သန်း၏ အကြောင်းကြားချက်အရ ၁၉၄၁ခုနှစ် မေလတွင် သခင်သစ် (ဗိုလ်စောနောင်)နှင့် သခင်ကျော်စိန် (ဗိုလ်မိုးညို)တို့အား ထိုင်းနိုင်ငံသို့ စေလွှတ်ခဲ့ရာ မအောင်မြင်ခဲ့ပေ။

သခင်ကိုယ်တော်မှိုင်း၊ သခင်မြ တို့ဗမာအစည်းအရုံးမှ ဗိုလ်မှူးကြီးစူဇူကီးနှင့် ဆက်သွယ်မိပြီး ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန် မြန်မာမျိုးချစ်လူငယ်များ စေလွှတ်နေချိန်တွင် ဂျပန်သံအမတ်က ကိုယ်တိုင် ဂျပန်နိုင်ငံသို့ သွားရောက်ရန် တိုက်တွန်းသည့်အတွက် မြန်မာမျိုးချစ်လူငယ် စတုတ္ထအသုတ်နှင့်အတူ ၁၉၄၁ခုနှစ် ဇူလိုင် ၈ရက်နေ့တွင် ကိုရီယာမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ဇူလိုင် ၂၂ရက်နေ့တွင် ရှန်ဟိုင်းသို့ ရောက်ရှိခဲ့သည်။

၁၉၄၁ခုနှစ်တွင် စတုတ္ထအသုတ် ၁၀ဦး တိုကျိုမှ ဟိုင်နန်ကျွန်းသို့ ထွက်ခွာသွားသောအခါ သခင်ထွန်းအုပ်သည်

ထို့နောက် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင် အေ) စစ်ဌာနချုပ်နှင့် မော်လမြိုင်စစ်ကြောင်းတွင် ပါဝင်၍ မြန်မာနိုင်ငံတွင်း ချီတက်ခဲ့သည်။ ၁၉၄၂ခုနှစ် ဩဂုတ် ၁ရက်နေ့တွင် ဂျပန် စစ်အုပ်ချုပ်ရေးအောက်တွင် ဖွဲ့စည်းသည့် မြန်မာအစိုးရအဖွဲ့တွင် သစ်တောရေးဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။

လွတ်လပ်ရေးရပြီး ထို့နောက် ပြည်သူ့ငြိမ်းချမ်းရေး အဖွဲ့ ပေါင်းစုံတွင်ပါဝင်၍ နိုင်ငံရေးဆောင်ရွက်ခဲ့ပြီး ၁၉၅၁ခုနှစ်၊ ပထမအကြိမ် ပါလီမန်ရွေးကောက်ပွဲတွင် ကြည့်မြင်တိုင်တောင် ပိုင်း မဲဆန္ဒနယ်မှ ပြည်သူ့ငြိမ်းချမ်းရေးအဖွဲ့ပေါင်းစုံ အမတ် လောင်းအဖြစ် ဝင်ရောက်အရွေးခံရာ ရှုံးနိမ့်ခဲ့သည်။ ၁၉၅၂ခုနှစ် တွင် ဗမာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံးကို ပြန်လည်ဖွဲ့ စည်းခဲ့သည်။ ၁၉၅၅ခုနှစ် ဩဂုတ်လတွင် အတိုက် အခံပေါင်းစုံ မဟာမိတ်အဖွဲ့(အမအ)ဖွဲ့စည်းရာတွင် ပါဝင်ခဲ့ သည်။ ၁၉၅၆ ခုနှစ်၊ ဒုတိယအကြိမ် ပါလီမန် ပြည်သူ့လွှတ် တော်ရွေးကောက ပွဲ တွင် ပြည်မဲဆန္ဒနယ်မြေနှင့် သဲကုန်းမဲဆန္ဒ နယ်မြေမှ အမျိုးသား မဟာမိတ် အမတ်လောင်းအဖြစ်လည်း ကောင်း၊ ၁၉၆၀ပြည့်နှစ် တတိယအကြိမ် ပါလီမန် ပြည်သူ့ လွှတ်တော် ရွေးကောက်ပွဲတွင် သိမ်ဖြူတောင်ပိုင်း မဲဆန္ဒနယ် မြေနှင့်


တွံတေးမဲဆန္ဒနယ်မြေတို့မှ တို့ဗမာအစည်းအရုံး အမတ်လောင်း အဖြစ်လည်းကောင်း ဝင်ရောက်အရွေးခံရာ ရှုံးနိမ့်ခဲ့သည်။

၁၉၇၀ပြည့်နှစ် ဇန်နဝါရီလ ၂၃ရက်နေ့တွင် ရန်ကုန်မြို့၌ ဦးနှောက်ရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

**ရရှိခဲ့သောဆုတံဆိပ်များ**

၁၉၅၉ခုနှစ် မတ် ၂၇ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုးအတွက် သက်စွန့်ဆံဖျားကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေး မော်ကွန်းဝင် (တတိယဆင့်)တံဆိပ် ချီးမြှင့်ဂုဏ်ပြုခြင်း ခံခဲ့ရသည်။

လက်မှတ်





ဗိုလ်လရောင်

## ဗိုလ်လရောင်

ဗိုလ်လရောင်ကို ၁၉၁၁ခုနှစ် မေလ ၂၈ရက်နေ့တွင် မင်းဘူးမြို့၊ သူဌေးကုန်းရပ်ကွက်၌ မွေးဖွားခဲ့သည်။ မိဘများမှာ ဦးသာဗွားနှင့် ဒေါ်ငွေသင်တို့ဖြစ်ကြပြီး ဗမာလူမျိုး ဗုဒ္ဓဘာသာဝင်ဖြစ်သည်။

အမည်ရင်းမှာ ကိုဗဂျမ်းဖြစ်သောကြောင့် တို့ဗမာအစည်းအရုံးကိုဝင်ရောက်သောအခါ သခင်ဗဂျမ်း ဖြစ်လာသည်။

မင်းဘူးမြို့အစိုးရ အထက်တန်းကျောင်းတွင် တန်းမြင့်ကျောင်းထွက် စာမေးပွဲအောင်မြင်ခဲ့သည်။

၁၉၃၀ပြည့်နှစ်တွင် သက်ပန်းဆရာတော်၏ ဂျီစီဘီအေ ( )အဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး ၁၉၃၁ခုနှစ်တွင် တို့ဗမာအစည်းအရုံးကို တည်ထောင်ခဲ့ပြီး ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ ထို့နောက် မင်းဘူးခရိုင် ရဲတပ်ဗိုလ်ချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ တို့ဗမာအစည်းအရုံးဌာနချုပ်တွင်လည်း အလုပ်အမှုဆောင်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့ပြန်သည်။ ၁၉၃၈ခုနှစ် တို့ဗမာအစည်းအရုံး နှစ်ခြမ်းကွဲသောအခါ သခင်ကိုယ်တော်မှိုင်း၊

သခင်မြ တို့ဗမာအစည်းအရုံးတွင် ပါဝင်ခဲ့သည်။ ၁၉၃၉-၄၀ ပြည့်နှစ်တွင် တို့ဗမာအစည်းအရုံးဌာနချုပ် အမှုဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ရန် စေလွှတ်သည့်ပထမ အသုတ်နှင့်အတူ ၁၉၄၁ခုနှစ် မတ်လ ၁၀ရက်နေ့တွင် ရှန်းတင်းမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှထွက်ခွာခဲ့ပြီး မတ်လ ၂၇ရက်နေ့တွင် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ရောက်ရှိခဲ့သည်။ ထိုမှ တစ်ဆင့် ၁၉၄၁ခုနှစ် ဧပြီလတွင် တိုင်ဝမ်ကျွန်းမှတဆင့် ဟိုင်နန်ကျွန်းသို့ ရောက်ရှိခဲ့သည်။ ဟိုင်နန်ကျွန်းတွင် စစ်ပညာများသင်ကြားခဲ့သည်။

ဗိုလ်လက်ျာနှင့်အတူ မြန်မာနိုင်ငံအတွင်း ပြည်တွင်းသူပုန်လုပ်ငန်းများဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။ ထိုတာဝန်များဆောင်ရွက်နေစဉ် ၁၉၄၁ခုနှစ် နိုဝင်ဘာ ၂၁ရက်နေ့တွင် တက်နွန်ရွာ၌ ထိုင်းရဲများ၏ ဖမ်းဆီးခြင်းခံရပြီး ဒီဇင်ဘာ ၁၁ရက်နေ့တွင် အချုပ်မှလွတ်မြောက်ခဲ့သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)ထားဝယ်စစ်ကြောင်းတွင် စစ်လက်နက်ပစ္စည်းထောက်ပံ့ရေးတပ်ဖွဲ့၏ တပ်မှူးအဖြစ်

ဆောင်ရွက်ခဲ့သည်။

ထို့နောက် ဘီအိုင်အေ စစ်ရုံးချုပ်တွင် ဗိုလ်မှူးကြီးအဆင့်ဖြင့် ဒုတိယစစ်ဦးစီးချုပ်တာဝန် ထမ်းဆောင်ခဲ့သည်။ ၁၉၄၂ခုနှစ် ဇူလိုင် ၂၇ရက်နေ့တွင် ဘီအိုင်အေဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)ဖွဲ့စည်းသောအခါ ဘီဒီအေတပ်ရင်း (၁)တွင် တပ်ရေးဗိုလ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ဗိုလ်မှူးအဆင့်ဖြင့် သယ်ယူပို့ဆောင်ရေးတပ်ရင်းတွင် တာဝန်ထမ်းဆောင်ခဲ့သည်။

ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလက ဒေါက်တာဘမော် ဦးစီးသော ဗမာနိုင်ငံအစိုးရအဖွဲ့ ရန်ကုန်မြို့မှမော်လမြိုင်သို့ ဆုတ်ခွာရာတွင် စစ်ဝန်ကြီး၏အတွင်းဝန်ဖြစ်သော ဒုတိယဗိုလ်မှူးကြီးလရောင်သည် အမိပတိရုံးအဖွဲ့နှင့် လိုက်ပါသွားရသည်။ ဖက်ဆစ်တော်လှန်ရေးပြီးသည့်နောက် တိုင်း ၅ (မော်လမြိုင်- ထားဝယ်နှင့် မြိတ်) စစ်ဌာနချုပ်ကို ပဲခူးတွင် ပြန်လည်စုစည်းသည့်အခါ မော်လမြိုင်တပ်ရင်း၏ တပ်ရင်းမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် တပ်မတော်မှ နုတ်ထွက်ခဲ့ပြီး

ဗိုလ်ချုပ်အောင်ဆန်း ပြည်သူ့ရဲဘော်တပ်ဖွဲ့ကြီးကို တည်ထောင်ရာတွင် ဆော်ဩရေးမှူးအဖြစ် ဆောင်ရွက်ခဲ့

သည်။ ၁၉၄၇ခုနှစ် ဧပြီ ၉ရက်နေ့တွင် တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲတွင် ဖဆပလ အမတ်လောင်းအဖြစ် မင်းဘူးတောင် မဲဆန္ဒနယ်မှ ဝင်ရောက်အရွေးခံရာ လွှတ်တော် အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ပြည်သူ့ရဲဘော် အဖွဲ့ချုပ်တွင် ဒုတိယဥက္ကဋ္ဌအဖြစ်ရင်း၊ ဝန်ကြီးချုပ် သခင်နု၏ လက်ဝဲညီညွတ်ရေးမူနှင့်ပတ်သက်၍ ပြည်သူ့ရဲဘော် အဖြူနှင့် အဝါ ကွဲပြားသည့်အချိန်တွင် ပြည်သူ့ရဲဘော်အဖြူအဖွဲ့၏ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၈ခုနှစ် ဇူလိုင် ၁၆ရက် နေ့တွင် ဖွဲ့စည်းသော လက်ဝဲညီညွတ်ရေးကောင်စီတွင် ပြည် သူ့ရဲဘော်ကိုယ်စားလှယ်အဖြစ် ပါဝင်ခဲ့ပြီး ရဲဘော်(အဖြူ)တပ်ဖွဲ့ နှင့်အတူ ဇူလိုင် ၂၉ရက်နေ့တွင် တောခိုခဲ့သည်။

၁၉၅၀ပြည့်နှစ် မတ်လတွင် ဥပဒေဘောင်အတွင်း ပြန် လည်ဝင်ရောက်ခဲ့သည်။ ၁၉၅၀ပြည့်နှစ်မှ ၁၉၅၃ခုနှစ်အထိ ဥပဒေဘောင်အတွင်းတည်ရှိသည့် ပြည်သူ့ရဲဘော်ပါတီ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၅၁ခုနှစ်၊ ပထမအကြိမ် ပါလီမန်ရွေးကောက်ပွဲတွင် ပြည်သူ့ငြိမ်းချမ်းရေးအဖွဲ့ပေါင်းစုံ အမတ်လောင်းအဖြစ် မင်း ဘူးတောင်ပိုင်း မဲဆန္ဒနယ်မှ ဝင်ရောက်အရွေးခံရာ ရှုံးနိမ့်ခဲ့


သည်။

၁၉၅၂ခုနှစ် မတ်လ ၂၇ရက်နေ့တွင် ပြည်သူ့ညီညွတ်ရေးပါတီ တည်ထောင်ရာ၌ ပါဝင်ခဲ့ပြီး အလုပ်အမှုဆောင် တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် ၁၉၅၆ခုနှစ် ၁၉၅၈ခုနှစ်အထိ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု (ပ-မ-ည-တ)တွင်ပါဝင်၍ နိုင်ငံရေးဆောင်ရွက်ခဲ့သည်။ ၁၉၅၈ခုနှစ်တွင် နိုင်ငံရေးမှ အနားယူခဲ့သည်။


၁၉၆၉ခုနှစ် ဇူလိုင် ၉ရက်နေ့တွင် နှလုံးရောဂါဖြင့် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ရရှိခဲ့သော ဆုတံဆိပ်များ**

၁၉၇၂ခုနှစ် မတ်လ ၂၅ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့် လူမျိုးလွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျားကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)တံဆိပ်ချီးမြှင့် ဂုဏ်ပြုခြင်းခံခဲ့ရသည်။



လက်မှတ်



ဗိုလ်ဉာဏ

## ဗိုလ်ဉာဏ

ဗိုလ်ဉာဏကို ၁၉၁၄ခုနှစ်တွင် တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ ကျောက်တိုင်တောင်ကျေးရွာတွင် ဖွားမြင်ခဲ့သည်။

မိဘများမှာ ဦးဘပုနှင့် ဒေါ်မြစ်တို့ဖြစ်ကြပြီး ဗမာလူမျိုး ဗုဒ္ဓဘာသာဝင်ဖြစ်သည်။

အမည်ရင်းမှာ မောင်မောင်ဖြစ်သောကြောင့် တို့ဗမာအစည်းအရုံးကို ဝင်ရောက်သည့်အခါ သခင်မောင်မောင်ဖြစ်လာသည်။

ကညွတ်ကွင်းမြို့တွင် သတ္တမတန်းအထိ ပညာသင်ကြားခဲ့သည်။

ဖြူးမြို့တို့ဗမာအစည်းအရုံးသို့ဝင်ရောက်၍ နိုင်ငံရေးကို တက်ကြွစွာဆောင်ရွက်ခဲ့ပြီး သခင်ကိုယ်တော်မှိုင်း၊ သခင်မြတို့ဗမာအစည်းအရုံးမှ ဗိုလ်ဉာဏအား ဂျပန်နိုင်ငံသို့ စစ်ပညာ

သင်ကြားရန် ရွေးချယ်ခဲ့သည်။

ထို့ကြောင့် စတုတ္ထအသုတ်နှင့်အတူ ၁၉၄၁ခုနှစ် ဇူလိုင် ၈ရက်နေ့တွင် ကိုရီယာမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ဇူလိုင် ၂၂ရက်နေ့တွင် ရှန်ဟိုင်းသို့ရောက်ရှိခဲ့သည်။ ၁၉၄၁ခုနှစ် ဩဂုတ် ၈ရက်နေ့တွင် တိုကျိုမှ ဟိုင်နန်ကျွန်းသို့ လေယာဉ်ပျံဖြင့် သွားရောက်ရာ ဩဂုတ် ၁၁ရက်နေ့တွင် ရောက်ရှိခဲ့ပြီး စစ်ပညာသင်ကြားခဲ့သည်။

ထို့နောက် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ထားဝယ်စစ်ကြောင်းဖြင့် မြန်မာနိုင်ငံတွင်းချီတက် ကာ ဗြိတိသျှ တပ်များကို ရွပ်ရွပ်ချွံချွံတိုက်ခိုက်ခဲ့သည်။ ထားဝယ်စစ်ကြောင်းသည် ၁၉၄၂ခုနှစ် မတ်လ ၈ရက်နေ့တွင် အမှတ် ၅၅ ဂျပန် တပ်များနှင့်အတူ ရန်ကုန်မြို့ကို သိမ်းပိုက်နိုင်ခဲ့သည်။ ထို့နောက် ရန်ကုန်စစ်ဌာနချုပ်၏ တာဝန်ပေးချက်အရ ဗိုလ်ကြီးညဏသည် ဖာပွန်မြို့တွင် ငြိမ်ဝပ်ပိပြားရေးတာဝန်များ ထမ်းဆောင်ခဲ့သည်။


**ဘဝနိဂုံး**

၁၉၄၂ ခုနှစ် ဧပြီ ၄ရက်နေ့တွင် ဖာပွန်မြို့၌ ငြိမ်ဝပ်ပိ

ပြားရေးတာဝန်များထမ်းဆောင်နေစဉ် ကရင်လက်နက်ကိုင တပ် များ၏ ချုံခိုတိုက်မှုကြောင့် ကျဆုံးခဲ့ပြီး ခေါင်းဖြတ် ယူသွားခြင်း ခံရသည်။ တတိယမြောက် ကျဆုံးသွားသော ရဲဘော်သုံးကျိပ် ဝင်ဖြစ်သည်။

**ရရှိခဲ့သောဆုတံဆိပ်များ**

၁၉၅၉ ခုနှစ် မတ် ၂၇ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့် လူမျိုး လွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျား ကြိုးပမ်းဆောင် ရွက်မှုကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ် အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (တတိယဆင့်)တံဆိပ် ချီးမြှင့် ဂုဏ်ပြုခြင်း ခံခဲ့ရသည်။



ဗိုလ်ကျော်ဇော

## ဗိုလ်ကျော်ဇော

ဗိုလ်ကျော်ဇောကို ၁၉၁၈ခုနှစ် နိုဝင်ဘာ ၃၀တွင် သာယာဝတီခရိုင်သုံးဆယ်မြို့နယ်၊ ဆိုင်းစုကျေးရွာတွင် ဖွားမြင်ခဲ့သည်။

မိဘများမှာ ဦးပန်းနှင့် ဒေါ်တင့်တို့ဖြစ်ကြပြီး ဗမာလူမျိုး ဗုဒ္ဓဘာသာဝင်ဖြစ်သည်။

အမည်ရင်းမှာ ကိုရွှေဖြစ်သည်။ သုံးဆယ်မြို့ အစိုးရအထက်တန်းကျောင်းတွင် အထက်တန်းအဆင့်ထိ ပညာသင်

ကြားခဲ့သည်။

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ရန် စေလွှတ်သည့်ဒုတိယ အသုတ်နှင့်အတူ ၁၉၄၁ ခုနှစ် ဧပြီ ၁၃ ရက်နေ့တွင် ကိုင်ရှိုမာ ရှူးသင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ၂၈ရက်နေ့တွင် ဂျပန်နိုင်ငံအိုဆာကာမြို့သို့ရောက်ရှိခဲ့သည်။ ထို့နောက် မေ ၉ ရက်နေ့တွင် တိုကျိုမှ လေယာဉ်ပျံနှင့် ထွက်ခွာလာရာ မေ၁၀ ရက်နေ့တွင် ဟိုင်နန်ကျွန်းသို့ ရောက်ရှိခဲ့ပြီး။ စစ်ပညာသင်ကြား ခဲ့သည်။

ထို့နောက်ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင် အေ) စစ်ဌာနချုပ်နှင့် မော်လမြိုင်စစ်ကြောင်းဖြင့် မြန်မာနိုင်ငံ တွင်း ချီတက်၍ ဗြိတိသျှတို့ကို တိုက်ခိုက်ခဲ့သည်။ ၁၉၄၂ ခုနှစ်တွင် ဘီအိုင်အေကိုဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေး တပ်မ တော် (ဘီဒီအေ) ဖွဲ့စည်းသောအခါ ဗိုလ်ကြီးအဆင့်ဖြင့် တာ ဝန်ထမ်းဆောင်ခဲ့သည်။

၁၉၄၄ ခုနှစ် ဇူလိုင် ၂၇ ရက်နေ့တွင် ဗိုလ်ချုပ်အောင် ဆန်း နေအိမ်၌ ကျင်းပသော ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ဖွဲ့ စည်းရေးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ၁၉၄၅ ခုနှစ် မတ်လ ၁ရက်နေ့မှ၃ရက်နေ့အထိ ဗိုလ် ချုပ်အောင်ဆန်း

နေအိမ်၌ ကျင်းပသော ဖ-တ-ပ-လ အစည်း အဝေးသို့ တက်ရောက်ခဲ့ပြီးထိုအစည်းအဝေးတွင် ဖက်ဆစ် ဂျပန်တို့အား တော်လှန်တိုင်ခိုက်ရန် အစီးအစဉ်များချမှတ်ခဲ့သည်။ဖင်ဆစ် ဂျပန်တော်လှန်ရေး ကာလက တိုင်း ၄ (ပဲခူး-ရွှေကျင်နှင့် သထုံ)တွင် တိုင်းမှူးအဖြစ် တာဝနမ်ယူကာ ဖက်ဆစ်ဂျပန်များကို တော်လှန်တိုက်ခိုက်ခဲ့သည်။

၁၉၄၅ ခုနှစ် ဩဂုတ် ၁၂ ရက်နေ့တွင် ဗမာ့တပ်မတော် ခေါင်းဆောင်အရာရှိကြီးများ အစည်းအဝေး သို့ တက်ရောက်ခဲ့သည်။ ၁၉၄၅ စက်တင်ဘာလတွင် ဗိုလ်ချုပ် အောင်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ သီဟိုနိုင်ငံ ကန္ဒီမြို့သို့ သွားရောက်ရာ၌ အဖွဲ့ဝင်အဖြစ် ပါဝင် ခဲ့သည်။ ၁၉၄၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်နေ့တွင် ဗမာ့တပ်မ တော်၌ ဒုတိယဗိုလ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့ နောက် ၁၉၄၈ ခုနှစ်တွင် မြောက်ပိုင်းတိုင်း တိုင်းမှူးအဖြစ် လည်း ကောင်း၊ ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်နေ့တွင် တောင်ပိုင်းတိုင်း တိုင်းမှူးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ သည်။ ၁၉၅၂ ခုနှစ်တွင် မြန်မာစစ်မစ်ရှင် ဒုတိယအဖွဲ့ ခေါင်းဆောင်အဖြစ် အင်္ဂလန်၊ ပြင်သစ်၊ ဆွစ်ဇာလန်၊

ဘယ်လ်ဂျီယန်၊ နော်ဝေ၊ ဆွီဒင် နှင့် ယူဂိုဆလားဗီးယားနိုင်ငံများသို့ သွားရောက်ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် မြောက်ပိုင်းတိုင်း တိုင်းမှူးအဖြစ် တာဝန် ထမ်း ဆောင်ခဲ့သည်။ ဗမာ့တပ်မတော်တွင် ဗိုလ်မှူးချုပ်အဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် တရုတ်ဖြူကိုမင်တန်(Kuomintal) တပ်များကို ဘုရင့်နောင်စစ်ဆင်ရေးဖြင့် လည်းကောင်း၊ ၁၉၅၅ ခုနှစ်တွင် ရန်ကြီးအောင်စစ်ဆင်ရေးဖြင့် လည်းကောင်း တိုက်ခိုက်ချေမှုန်းခဲ့သည်။ ၁၉၅၂ ခုနှစ် စက်တင်ဘာလတွင် စစ်ဘက် ချစ်ကြည်ရေး မိတ်ဆက်အဖွဲ့ အဖွဲ့ဝင်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည်။

ဗမာ့တပ်မတော်မှ ၁၉၅၆ အောင်မာဃထိုးစစ်ဆင်နွှဲစဉ် ဗ-က-ပ ဌာနချုပ်သို့ ရဲဘော်ကြီးမြင့်နှင့် ဗိုလ်ကျော်ဇောတို့ပေးပို့သော စစ်ရေး ထိပ်တန်းလျှို့ ဝှက်သတင်းများ ပါရှိသည့် စာရွက်စာတမ်းများကို သိမ်းဆည်းမိ ခဲ့သည်။ ထိုကိစ္စကြောင့် ၆မတ် ၁၉၅၇ ခုနှစ် မတ်လ ၆ ရက် နေ့တွင် ဒုတိယဗိုလ်မှူးကြီးအဆင့်ဖြင့် ဗမာ့ တပ်မတော်မှ အငြိမ်းစားပေးခြင်းခံရသည်။

၁၉၆၀ ပြည့်နှစ် တတိယအကြိမ်ပါလီမန် ရွေးကောက်

ပွဲတွင် တသီးပုဂ္ဂလ အမတ်လောင်းအဖြစ် ကြည့်မြင်တိုင်တောင်ပိုင်း မဲဆန္ဒနယ်မှ ဝင်ရောက်အရွေးခံရာ ရှုံးနိမ့်ခဲ့သည်။

၁၉၆၁ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်တွင် တရုတ်ပြည်ကျူးကျော်မှု ဆန့်ကျင်ရေး ကော်မတီ အမျိုးသား ကော်မတီ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် တော်လှန်ရေးကောင်စီနှင့် တောတွင်းလက်နက်ကိုင် အဖွဲ့များ ဆွေးနွေးပွဲကျင်းပစဉ် ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်။

၁၉၇၆ ခုနှစ် ဇူလိုင် ၁၈ ရက်နေ့တွင် ရန်ကုန်မြို့မှ တရုတ်နိုင်ငံသို့ လျှို့ဝှက်ထွက်ခွာသွားပြီး ၁၉၇၆ ခုနှစ် ဩဂုတ် ၁၀ ရက်နေ့တွင် ဗ-က-ပ ဗဟိုဌာနချုပ်၌ စစ်အကြံပေးနှင့် စစ်ကော်မရှင်အဖွဲ့ဝင်အဖြစ် တာဝန်ယူခဲ့သည်။ ထို့နောက် ဗ-က-ပ ဗဟို စစ်ဦးစီးဌာန၊ ဗဟိုစစ်ကော်မရှင်တွင် ပထမ၊ ဒုတိယ ဥက္ကဋ္ဌ တာဝန်များကို ထမ်းဆောင်ခဲ့သည်။

**ရရှိခဲ့သော ဆုတံဆိပ်များ**

၁၉၅၅ ခုနှစ် ဇန်နဝါရီ ၁၀ ရက်နေ့တွင် ယူဂိုစလားဗီးယား သမ္မတ တီတိုး၏ စစ်သည်တော်ကောင်း (ပထမဆင့်) ချီးမြှင့်ခြင်း ခံခဲ့ရသည်။


၁၉၅၉ ခုနှစ် မတ် ၂၇ တွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုးလွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျား ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) တံဆိပ်ချီးမြှင့်ဂုဏ်ပြုခြင်းခံခဲ့ရသည်။



လက်မှတ်



ဗိုလ်မှူးကြီး ဗမာပြည်သို့ ပြန်လည်ရောက်စဉ်။ ရဲဘော်သုံးကျိပ် အဖွဲ့ဝင်များနှင့်အတူ
တွေ့ရပုံ။



ဗိုလ်မင်းခေါင်

## ဗိုလ်မင်းရောင်

ဗိုလ်မင်းရောင်ကို ၁၉၁၇ ခုနှစ် စက်တင်ဘာ ၂၆ ရက်နေ့တွင် ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ရေကျော်ရပ်ကွက်တွင် ဖွားမြင်ခဲ့သည်။

မိဘများမှာ ဦးဖိုးထင်နှင့် ဒေါ်သင်းမြိုင်တို့ဖြစ်ပြီး ဗမာလူမျိုးဗုဒ္ဓဘာသာဝင်ဖြစ်သည်။

အမည်ရင်းမှာ ကိုလှဖြစ်သောကြောင့် တို့ဗမာအစည်းအရုံးကို ဝင်ရောက်သောအခါ သခင်လှဖြစ်လာသည်။

ရန်ကုန်မြို့ ကန်တော်ကလေးရှိ ဆရာကြီးဦးဖိုးအိမ် ၏ အင်္ဂလိပ်မြန်မာနှစ်ဘာသာ သင်ကျောင်းတွင် ဒသမတန်း အထိ ပညာသင်ကြားခဲ့သည်။

ထို့နောက်

ဂျပန်နိုင်ငံကို စစ်ပညာသင်ကြားရန် စေလွှတ်သည့်

စတုတ္ထအသုတ် နှင့်အတူ ၁၉၄၁ ခုနှစ် ဇူလိုင် ၈ ရက်နေ့တွင် ကိုရိယုမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ဇူလိုင် ၂၂ ရက်နေ့တွင် ရှန်ဟိုင်းသို့ ရောက်ရှိခဲ့သည်။ ၁၉၄၁ ခုနှစ် ဩဂုတ် ၈ ရက်နေ့တွင် တိုကျိုမှ ဟိုင်နန်ကျွန်းသို့ လေယာဉ်ပျံဖြင့် သွားရောက်ရာ ဩဂုတ် ၁၁ရက်နေ့တွင် ရောက်ရှိခဲ့ပြီး စစ်ပညာ သင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ထား ဝယ်စစ်ကြောင်းဖြင့် မြန်မာနိုင်ငံတွင်း ချီတက်၍ ဗြိတိသျှတို့ ကို တိုက်ခိုက်ခဲ့ရာ ဦးဆောင်ပါဝင်ခဲ့သည်။ ၂၇ ဇူလိုင် ၁၉၄၂ ခုနှစ် ဇူလိုင် ၂၇ ရက်နေ့တွင် ဘီအိုင်အေ ဖျက်သိမ်း၍ ဗမာ့ ကာကွယ်ရေးတပ်မတော် ဘီဒီအေ ဖွဲ့စည်းသောအခါ ဗိုလ်ကြီး အဆင့်ဖြင့် ဘီဒီအေတပ်ရင်း (၂) တပ်ခွဲ(၂)တွင် တပ်ခွဲမှူး အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။


ဖက်ဆစ်ဂျပန် တော်လှန်ရေးကာလ တိုင်း ၄ (ပဲခူး၊ ရွှေကျင်၊ သထုံ)တွင် ပါဝင်ခဲ့သည်။

၁၉၈၈ ခုနှစ် နိုဝင်ဘာ ၆ ရက်နေ့ မွန်းလွဲ (၁)နာရီ တွင် ရန်ကုန်ဆေးရုံကြီးတွင် ကွယ်လွန်ခဲ့သည်။

**ရရှိခဲ့သောဆုတံဆိပ်များ**

၁၉၅၉ ခုနှစ် မတ် ၂၇ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျား ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေး မော်ကွန်းဝင် (ဒုတိယဆင့်) တံဆိပ်ချီးမြှင့်ဂုဏ်ပြုခြင်း ခံခဲ့ရသည်။

၁၉၈၀ ခုနှစ် ဇွန် ၇ ရက်နေ့တွင် နိုင်ငံတော်၏အကျိုးကို ဦးစီး ဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ချီးမြှင့် ခံခဲ့ရသည်။



လက်မှတ်



မိုလ်လက်ျာ

## ဗိုလ်လက်ျာ

ဗိုလ်လက်ျာကို ၁၉၁၁ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့တွင် ပျဉ်းမနားမြို့၌ ဖွားမြင်ခဲ့သည် ။မိဘများမှာ ဦးစိန်သွင်နှင့် ဒေါ်ကျင် မြိုင်တို့ဖြစ်ကြသည်။

အမည်ရင်းမှာ ကိုလှဖေ ဖြစ်သောကြောင့် တို့ဗမာအစည်းအရုံးကို ဝင်ရောက်သည့်အခါသခင်လှဖေ ဖြစ်လာသည်။

ရန်ကုန်မြို့ မြို့မအမျိုးသားကျောင်းတွင် စတင်ပညာသင်ကြားခဲ့ပြီး ထိုကျောင်း၌ ဒသမတန်းအောင်မြင်ခဲ့သည်။ ထို့နောက် ရန်ကုန်တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားခဲ့ပြီး ၁၉၃၆ ခုနှစ် တက္ကသိုလ် ဒုတိယကျောင်းသားသပိတ်၌ ခေါင်းဆောင်တစ်ဦးဖြစ်လာခဲ့သည်။

ထို့နောက်

ရန်ကုန်တက္ကသိုလ်မှထွက်ပြီးအိန္ဒိယနိုင်ငံကာလကတ္တား

တက္ကသိုလ်တွင် ဆက်လက်ပညာသင်ကြားခဲ့သည်။

၁၃၀၀ ပြည့်အရေးတော်ပုံကာလ ၁၉၃၈ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့၌ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ အသင်းတိုက်၌ ကျင်းပသော လျှို့ဝှက်အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ထို့နောက် တို့ဗမာအစည်းအရုံး၏တာဝန်ပေးအပ်ချက်အရ သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့ တရုတ်နိုင်ငံ အမွိုင်မြို့သို့ သွားရောက်ရေးအတွက် စီစဉ်ပေးခဲ့သည်။ ကိုလှမောင်ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန် စေလွှတ်သည့် မတ်လ ၁၀ ရက်နေ့ ပထမအသုတ်နှင့်အတူ ၁၉၄၁ ခုနှစ် မတ်၁၀ ရက်နေ့တွင် ရွှန်းတင်းမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ၁၉၄၁ ခုနှစ် မတ် ၂၇ တွင် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ရောက်ရှိခဲ့သည်။ တိုကျိုမြို့တွင် ၁၀ ရက်ခန့်နေပြီး နောက် ၁၉၄၁ ခုနှစ် ဧပြီလတွင် စစ်ပညာသင်ကြားရန် ထိုင်ဝမ်ကျွန်းမှ တစ်ဆင့်ဟိုင်နန်ကျွန်းသို့ သွားရောက်ခဲ့ပြီး စစ်ပညာများ သင်ကြားခဲ့သည်။

ထို့နောက် ဗိုလ်လရောင်နှင့်အတူ မြန်မာနိုင်ငံအတွင်းပြည်တွင်း သူပုန်လုပ်ငန်းများ ဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်း ခံရသည်။ ၎င်းတာဝန်များ ဆောင်ရွက်နေစဉ် ၁၉၄၁ ခုနှစ်

နိုဝင်ဘာ ၂၁ ရက်နေ့တွင် တက်နွန်ရာ၌ ထိုင်းရဲများ၏ ဖမ်းဆီးခြင်း ခံရပြီး ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်နေ့တွင် အချုပ်မှ လွတ်မြောက်ခဲ့သည်။ ၎င်းနောက် ဗမာ့ လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ထားဝယ်စစ်ကြောင်းဖြင့် မြန်မာနိုင်ငံတွင်းချီတက်၍ ဗြိတိသျှတို့ကို တိုက်ခိုက်ခဲ့ပြီး ဘီအိုင်အေတွင် ဒုတိယစစ်သေနာပတိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၂ ခုနှစ် ဇူလိုင် ၂၇ ရက်နေ့တွင် ဘီအိုင်အေ ဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီအိုင်အေ) ဖွဲ့စည်းသောအခါ ဒုတိယဗိုလ်မှူးကြီးအဆင့်ဖြင့် ဘီဒီအေ စစ်ဦးစီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၄၄ ခုနှစ် ဩဂုတ် ၂၃ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်၌ ကျင်းပသော ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ဖွဲ့စည်းရေးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ သို့အပြင် ၁၉၄၅ ခုနှစ် မတ်လ ၁ ရက်မှ ၃ ရက်အထိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်၌ ကျင်းပသော ဖ-တ-ပ-လ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ထိုအစည်းအဝေးတွင် ဖက်ဆစ်ဂျပန်တို့ ကို တော်လှန်တိုက်ခိုက်ရန် အစီအစဉ်များ ချမှတ်ခဲ့သည်။ ဖက်ဆစ်ဂျပန် တော်လှန်ရေး ကာလက တိုင်း(၂)နှင့် တိုင်း(၃) ဆက်

သွယ်ရေးတာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၄၅ ခုနှစ် ဩဂုတ် ၂၂ ရက်နေ့တွင် ဗမာ့တပ်မတော် ခေါင်းဆောင်အရာရှိကြီးများ အစည်းအဝေးသို့တက်ရောက်ခဲ့ သည်။ ဩဂုတ် ၁၉ ရက်နေ့တွင် ကျင်းပသော နေသူရိန်လူထု အစည်းအဝေးတွင် ဖ-တ-ပ-လ ဗဟိုဦးစီးအဖွဲ့ဝင်ဖြစ်လာ ခဲ့သည်။ ၁၉၄၅ ခုနှစ် စက်တင်ဘာလတွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ သီဟို (ယခုသီရိ လင်္ကာ) နိုင်ငံ ကန္ဒီမြို့သို့ သွားရောက်ရာတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ ကန္ဒီစာချုပ်အရ ပြန်လည်ဖွဲ့စည်းသော ဗမာ့ တပ်မတော်တွင် ဗိုလ်မှူးကြီးရာထူးဖြင့် ဒုတိယစစ်ဆေးရေး အရာရှိချုပ်အဖြစ် ခန့်အပ်ခံရသည်။ ၁၉၄၇ ခုနှစ်တွင် ဗိုလ်မှူးချုပ်ရာထူး တိုးမြှင့်ပေးခြင်းခံရသည်။

၁၉၄၇ ခုနှစ် ဇူလိုင် ၂၁ ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးတာဝန် ထမ်းဆောင်ခဲ့သည်။ ဩဂုတ် ၂၉ ရက်နေ့တွင် လက်ျာဖရီးမင်း ကာကွယ်ရေးစာချုပ်ကို ချုပ်ဆိုခဲ့သည်။ ၁၉၄၇ ခုနှစ်အောက်တိုဘာလတွင် ဦးနုဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ အင်္ဂလန်နိုင်ငံသွားရောက်ရာတွင် အဖွဲ့ဝင်အဖြစ်

ပါဝင်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် ဗမာ့တပ်မတော်မှ အငြိမ်းစား ယူခဲ့သည်။ ၁၉၄၇-၄၈ ခုနှစ်တွင် ဖ ဆ ပ လ အစိုးရအဖွဲ့၌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးနှင့်ကာကွယ်ရေးဝန်ကြီးတာ ဝန်ကို ပူးတွဲထမ်းဆောင်ခဲ့သည်။ ၁၉၄၈ ဇူလိုင်လတွင် ဖဆပလ အစိုးရအဖွဲ့မှ နုတ်ထွက်ခဲ့သည်။

ထို့နောက် ဖဆပလအဖွဲ့ချုပ်ကို ဝင်ရောက်၍ နိုင်ငံရေး လုပ်ငန်းများဆောင်ရွက်ခဲ့သည်။ ထိုနှစ်မှာပင် ကသာ ကျေးလတ် အင်ရှေ့ပိုင်း မဲဆန္ဒနယ်မှ တိုင်းပြုပြည်ပြုလွှတ်တော် အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။


၁၉၆၉ ခုနှစ်တွင် ဦးနုဦးဆောင်သည့် ပါလီမန်ဒီမိုက ရေစီပါတီ၌ ခေါင်းဆောင်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၇၃ခုနှစ် ဇူလိုင် ၂၄ရက်နေ့တွင် ဦးနုပါလီမန် ဒီမိုကရေစီ ပါတီ ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်သွားပြီးနောက် ပြည်သူ့ပြည်ချစ် ပါတီ ကို ဖွဲ့စည်းပြီး ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ ပြည် ချစ်လွတ်မြောက်ရေး ဟပ်မတော်ကိုလည်း ဖွဲ့စည်းခဲ့သည်။

၁၉၇၈ခုနှစ် နိုဝင်ဘာ ၂၇ရက်နေ့တွင် ထိုင်းမြန်မာ နယ်စပ်အနီး ပရာကျွတ်စခန်းတွင် ကေအင်ယူရွှေဆိုင်းတပ်နှင့် တိုက်ပွဲဖြစ်ပွားစဉ် ကျဆုံးခဲ့သည်။


**ရရှိခဲ့သော ဆုတံဆိပ်များ**

၁၉၄၈-ခုနှစ်တွင် မဟာသီရိသုဓမ္မဘွဲ့ ချီးမြှင့်ခြင်းခံရသည်။

၁၉၅၉ခုနှစ် မတ် ၂၇ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျား ကြိုးပမ်းဆောင်ရွက်မှုများကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမောင်ကွန်းဝင်(ပထမဆင့်) တံဆိပ် ချီးမြှင့်ဂုဏ်ပြုခြင်း ခံခဲ့ရသည်။



ဋ္ဌဗ္ဗင့်ဟဍ္ဍဝးနှ့်ဃငှကၥးဗ္ဗခဇ္ဇလင္ဂဝလိ





ဗိုလ်ဇေယျ

## ဗိုလ်ဇေယျ

ဗိုလ်ဇေယျကို ၁၉၁၃ခုနှစ် ဒီဇင်ဘာ ၁၀ရက်နေ့တွင် အလုံမြို့နယ်၊ နန်းတော်ရှေ့ရွာတွင် ဖွားမြင်ခဲ့သည်။ မိဘများမှာ ဦးချစ်မောင်နှင့် ဒေါ်စိန်တိုင် တို့ဖြစ်ပြီး ဗမာလူမျိုး ဗုဒ္ဓဘာသာဝင်ဖြစ်သည်။

အမည်ရင်းမှာ ကိုလှမောင်ဖြစ်သည်။

ရန်ကုန်မြို့မ အမျိုးသားကျောင်းတွင် ပညာသင်ကြားခဲ့ပြီး ၁၉၃၄ခုနှစ်တွင် ဒသမတန်းစာမေးပွဲကို အောင်မြင်ခဲ့သည်။ ထို့နောက် ၁၉၃၄ -၃၅ ပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားခဲ့သည်။ ၁၃၀၀ ပြည့် အရေးတော်ပုံကာလအတွင်း ရန်ကုန်တက္ကသိုလ် တတိယ

ကျောင်းသားသပိတ်တွင် ခေါင်းဆောင်တစ်ဦးအဖြစ် ပါဝင်ခဲ့သည်။ ၁၉၃၉ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် မန္တလေးမြို့ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးဆန္ဒပြပွဲတွင် ပါဝင်ခဲ့ပြီး ဒဏ်ရာရရှိခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။

၁၉၃၉ ခုနှစ် နိုဝင်ဘာ ၁၈ရက်နေ့ မြေအောက်လျှို့ဝှက်အဖွဲ့ ဖွဲ့စည်းရာတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့သည်။ ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန် စေလွှတ်သည့် တတိယအသုတ် ၁၉၄၁ မေလတွင် ကိုဆိုင်မာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ၁၉၄၁ ခုနှစ်၊ မေလကုန်တွင် ဂျပန်နိုင်ငံ ရောက်ရှိခဲ့ပြီး ဟိုင်နန်ကျွန်းတွင် စစ်ပညာများ သင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) မြန်မာနိုင်ငံတွင်း မချီတက်မီ ပြည်တွင်းသူပုန်အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံတွင်း ဝင်ရောက်ခဲ့ရာ ၁၉၄၁ ခုနှစ် ဒီဇင်ဘာ၁၁ ရက်နေ့တွင် ရန်ကုန်မြို့သို့ရောက်ရှိခဲ့သည်။ ထို့နောက် ပြည်သူ့အရေးတော်ပုံ ပါတီဝင်များနှင့် တွေ့ဆုံပြီး ဂျပန်တပ်များ အကြောင်းနှင့် မှာကြားလိုက်သော ကိစ္စများကို သတင်းပို့ခဲ့သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် စစ်ပညာသင်တန်းပေးခြင်း၊ စစ် လက်

နက် သင်တန်းပေးခြင်းများကို ဆောင်ရွက်ခဲ့သည်။

ဂျပန်တပ်မတော်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော် ရန်ကုန်ကို သိမ်းပိုက်ပြီးနောက် ၁၉၄၂ ခုနှစ် မေပြီ ၅ တွင် ဗိုလ် မှူးကြီးဇေယျသည် တပ်မ(၁) ကို ဦးစီး၍ အထက်မြန်မာ နိုင်ငံသို့ ချီတက်ကာ ဗြိတိသျှတို့ကို တိုက်ခိုက်ခဲ့သည်။

၁၉၄၂ ခုနှစ် ဇူလိုင် ၂၇ ရက်နေ့တွင် ဘီအိုင်အေ ဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေး တပ်မတော် (ဘီဒီအေ)ဖွဲ့စည်း သောအခါ ဗိုလ်မှူးအဆင့်ဖြင့် တာဝန် ထမ်းဆောင်ခဲ့သည်။ ဂျပန်ခေတ်တွင် ဖွင့်လှစ်သော မင်္ဂလာဒုံ ဗိုလ်သင်တန်းကျောင်း တွင် ကျောင်းအုပ်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၄၄ ခုနှစ် ဩဂုတ် ၂၃ ရက်နေ့တွင် ဗိုလ်ချုပ်အောင် ဆန်းနေအိမ်၌ ကျင်းပသော ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ ဖွဲ့ စည်းရေးအစည်းအဝေးသို့တက်ရောက်ခဲ့သည်။ ၁၉၄၄ ခုနှစ် အောက်တိုဘာလတွင် ဗမာနိုင်ငံ အစိုးရအဖွဲ့၌ ဒုတိယစစ်ဝန် ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၅ ခုနှစ်မတ်လ ၁ ရက်မှ ၃ ရက်အထိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်၌ ကျင်းပသော ဖ-တ-ပ-လ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ထိုအစည်း အဝေးတွင် ဖက်ဆစ်ဂျပန်တို့အား တော်လှန်တိုက်ခိုက်ရန် အစီ

အစဉ်များ ချမှတ်ခဲ့သည်။ ဖက်ဆစ်ဂျပန် တော်လှန်ရေးကာလတွင် ရှေ့တန်းစစ်ဌာနချုပ်၌ စစ်ဦးစီးမှူးအဖြစ် တာဝန်ယူကာ ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တိုက်ခိုက်ခဲ့သည်။

၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် ဗမာ့တပ်မတော်ခေါင်းဆောင် အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ၁၉၄၅ ခုနှစ် စက်တင်ဘာလတွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ သီဟို (ယခု သီရိလင်္ကာ) နိုင်ငံ ကန္ဒီမြို့သို့ သွားရောက်ရာတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ဒုတိယဗိုလ်မှူးကြီး ဇေယျသည် စစ်ဦးစီးအရာရှိ ပထမတန်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဗမာ့တပ်မတော်တွင် ဗိုလ်မှူးကြီးအဆင့်ဖြင့် ၁၉၄၈ ၊ ဩဂုတ်လအထိ တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၄၈ ခုနှစ် ဇူလိုင် ၁၆ တွင် ဖွဲ့စည်းသော လက်ဝဲညီညွတ်ရေးကော်မီ၌ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

ထို့နောက် လက်ဝဲညီညွတ်ရေးကော်မီ၏ အာဏာသိမ်းရေးလမ်းစဉ်ကို လက်ခံကာ ၁၉၄၈ခုနှစ် ဩဂုတ် ၁၀ တွင် ဗမာ့တပ်မတော်တပ်ရင်းအချို့တောခိုရာ၌ပါဝင်ခဲ့သည်။ ၁၉၄၈

-၅၀ ပြည့်နှစ်တွင် တော်လှန်နေသော ဗမာ့တပ်မတော်၏ ခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၉ ခုနှစ် မတ် ၂၄ ရက်နေ့တွင် ပြည်မြို့၌ ဗမာပြည်ကွန်မြူနစ်ပါတီ၊ပြည်သူ့ ရဲဘော် (အဖြူ) နှင့် တော်လှန်နေသော ဗမာ့တပ်မတော်တို့ ပူးပေါင်း၍ ပြည်သူ့ ဒီမိုကရေစီ တပ်ပေါင်းစု ဖွဲ့စည်းရာတွင် ပါဝင်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ် မတ်လတွင် ပြည်သူ့ဒီမိုကရေစီ တပ်ပေါင်းစု ပြိုကွဲသွားပြီးနောက် တော်လှန်သောဗမာ့တပ်မ တော်ကို ဖျက်သိမ်းလိုက်ပြီး တောခိုတပ်များနှင့် ဗမာပြည် ကွန်မြူနစ်ပါတီ၏ လက်နက်ကိုင်တပ်များ ပူးပေါင်းခဲ့သည်။ ထို့နောက် ဗိုလ်ဇေယျသည် ဗမာပြည်ကွန်မြူနစ်ပါတီတွင် ဗဟို ကော်မတီဝင် ဖြစ်လာခဲ့သည်။

၁၉၅၃ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်နေ့တွင် ဗန်းမော် ခရိုင်မှတစ်ဆင့် တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သည်။ ထို့နောက် တရုတ်နိုင်ငံတွင် ဖွဲ့စည်းသည့် အဝေးရောက်ကွန်မြူနစ်ပါတီ တွင် ပါဝင်ခဲ့သည်။

၁၉၆၃ ခုနှစ် ဇူလိုင် ၂၃ ရက်နေ့တွင် ပြည်တွင်းငြိမ်း ချမ်းရေး ဆွေးနွေးပွဲတက်ရောက်ရန် တရုတ်နိုင်ငံမှ ရန်ကုန်မြို့ သို့ ရောက်ရှိခဲ့သည်။ တော်လှန်ရေးကော်စီနှင့် ပြည်တွင်းငြိမ်း

ချမ်းရေး ဆွေးနွေးပွဲ ပျက်ပြားပြီးနောက် ၁၉၆၃ ခုနှစ်နိုဝင်ဘာ
၁၆ ရက်နေ့တွင် သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ်ရှိ ဗ-က-ပ
တောတွင်းစခန်းသို့ သွားရောက်ခဲ့သည်။ ထို့နောက် ဗကပ
ပါတီ ကော်မတီအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဗဟိုစစ်ဦးစီးဌာန
ချုပ်မှူးအဖြစ်လည်းကောင်း၊ တာဝန်ယူခဲ့သည်။

၁၉၆၈ ခုနှစ် ဧပြီ ၁၆ ရက်နေ့တွင် ဗမာ့တပ်မတော်မှ
ဗကပဌာနချုပ်ကို ဝင်ရောက်စီးနင်း တိုက်ခိုက်စဉ် ကျဆုံးသည်။





ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)၏ ဌာနချုပ်
ပြုလုပ်ခဲ့သည့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဘော်နီယိုကုမ္ပဏီ



ဗိုလ်ရန်အောင်

## ဗိုလ်ရန်အောင်

ဗိုလ်ရန်အောင်ကို ၁၉၁၇ ခုနှစ် မတ်လ ၂ ရက်နေ့တွင် လှည်းကူးမြို့နယ် ဒါးပိန်ရွာ ဈေးပိုင်းရပ်၌ ဖွားမြင်ခဲ့သည်။

မိဘများမှာ ဦးဘအောင်နှင့် ဒေါ်သိန်းမြတို့ဖြစ်ပြီး ဗမာလူမျိုး ဗုဒ္ဓဘာသာဝင်ဖြစ်သည်။

အမည်ရင်းမှာ ဂိုလှမြိုင်ဖြစ်သောကြောင့် တို့ဗမာအစည်းအရုံးကိုဝင်ရောက်သောအခါသခင်လှမြိုင်ဖြစ်လာသည်။

၁၉၃၅ ခုနှစ်တွင် ဒသမတန်းအောင်မြင်ခဲ့သည်။

## အမျိုးသားနိုင်ငံရေးဆောင်ရွက်ချက်

၁၃၀၀ ပြည့်အရေးတော်ပုံကာလ ၁၉၃၈ ခုနှစ် ဇွန် ၂၇ ရက်နေ့တွင် သန်လျင် ဘီအိုစီ ရေနံချက်စက်ရုံ သပိတ်မှောက်ရာတွင် ဦးဆောင်ခဲ့သည်။ သခင်အောင်ဆန်းနှင့် သခင်ကျော်စိန်ကို တရုတ်နိုင်ငံ စေလွှတ်ရန် စီစဉ်ထားသော်လည်း သခင်ကျော်စိန် မလိုက်ပါနိုင်သည့်အတွက် ဗြိတိသျှအစိုးရက ဖမ်းဝရမ်းထုတ်ထားသော သံလျင် ဘီအိုစီ အလုပ်သမားသမဂ္ဂ အတွင်းရေးမှူးသခင်လှမြိုင်ကို အစားထိုး ရွေးချယ်ခဲ့သည်။

၁၉၄၀ ပြည့်နှစ် ဩဂုတ် ၈ ရက်နေ့တွင် သခင်အောင်ဆန်းနှင့် အတူ ဟိုင်လီသင်္ဘောဖြင့် အမွိုင်သို့သွားရောက်ခဲ့သည်။ အမွိုင်တွင် တရုတ်ကွန်မြူနစ်ပါတီနှင့် အဆက်အသွယ် မရဘဲ သောင်တင်နေရာမှ မြန်မာနိုင်ငံရှိ ရဲဘော်များ၏ ကြိုးပမ်းမှုကြောင့် ဂျပန်နှင့်ဆက်သွယ်မိကာ ၁၉၄၀ ပြည့်နှစ် နိုဝင်ဘာ ၁၂ ရက်နေ့တွင် ဂျပန်နိုင်ငံသို့ ရောက်ရှိခဲ့သည်။ ထို့နောက် ၁၉၄၁ ခုနှစ် ဧပြီတွင် စစ်ပညာသင်ကြားရန် ဟိုင်နန်ကျွန်းသို့ ရောက်ရှိခဲ့ပြီး စစ်ပညာသင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) စစ်ဌာနချုပ်နှင့် မော်လမြိုင်စစ်ကြောင်းဖြင့် မြန်မာနိုင်ငံတွင်း ချီတက်ကာ

ဗြိတိသျှတို့ကို တိုက်ခိုက်ခဲ့သည်။ ဂျပန်တပ်မတော်နှင့် ဘီအိုင်အေ တပ်မ (၁) နှင့် (၂) တို့သည် အထက်မြန်မာနိုင်ငံကို ချီတက်တိုက်ခိုက်ခဲ့ရာ ၁၉၄၂ ခုနှစ် မေပြီ ၁၂ ရက်နေ့တွင် တပ်မ (၁) လက်အောက်ခံ တပ်မတော် (၁) အား ဦးစီး၍ ရခိုင်သို့ ချီ တက်ခဲ့သည်။ တပ်မတော် (၁) သည် တောင်ကုတ်၊ ရမ်းဗြဲ၊ မင်းပြား၊ ပုဏ္ဏားကျွန်း၊ စစ်တွေ၊ ဘူးသီးတောင်၊ မြို့ဟောင်း တို့ကို တိုက်ခိုက် သိမ်းပိုက်ခဲ့သည်။

၁၉၄၄ ခုနှစ် ဩဂုတ် ၂၃ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်၌ ကျင်းပခဲ့သော ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် ဖွဲ့စည်းရေး အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ထို့နောက် ၁၉၄၅ ခုနှစ် မတ် ၁ ရက်နေ့မှ ၃ရက်နေ့အထိ ကျင်းပခဲ့သော ဖ-တ-ပ-လ အစည်းအဝေးသို့ တက် ရောက်ခဲ့သည်။ ထိုအစည်းအဝေးမှ ဖက်ဆစ်ဂျပန်တို့အား တော်လှန်တိုက်ခိုက်ရန် အစီအစဉ်များ ချမှတ်ခဲ့သည်။ ဖက်ဆစ် ဂျပန် တော်လှန်ရေးကာလက ရှေ့တန်းစစ်ဌာနချုပ်တွင် ဒုတိယ စစ်ဦးစီးမှူးအဖြစ် တာဝန်ယူကာ ဖက်ဆစ်ဂျပန်ဟို့ကို တော် လှန်တိုက်ခိုက်ခဲ့သည်။ အထက်ဗမာပြည်တိုင်းတွင် တိုင်းမှူး ဗိုလ်မှူးကြီးဗထူး၊

ကျဆုံးသွားသောအခါ အထက်ဗမာပြည်တိုင်း မှူးအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

**ပါတီနိုင်ငံရေး**

ဖေဖော်ဝါရီ ၂၈ ၁၉၄၈ ခုနှစ် မတ်လ ၆ ရက်နေ့အထိ အိန္ဒိယနိုင်ငံကလကတ္တားမြို့၌ ကျင်းပသော အရှေ့တောင် အာရှ ဒီမိုကရက်တစ် လူငယ်များညီလာခံသို့ တက်ရောက်ခဲ့ သည်။

၁၉၄၈ ခုနှစ် မတ်လတွင် ဖဆပလအစိုးရက ဗမာ ပြည် ကွန်မြူနစ်ပါတီဝင်များကို ဖမ်းဆီးရာ၌ ဖမ်းမိခဲ့သည်။ ၁၉၄၈ ခုနှစ် ဇူလိုင် ၁၈ ရက်နေ့တွင် ဖဆပလအစိုးရက အင်းစိန် ထောင်မှ လွှတ်ပေးခဲ့ပြီးနောက် လက်ဝဲညီညွတ်ရေး ကော်စီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ ၁၉၄၈ ခုနှစ် ဩဂုတ် လတွင် လက်ဝဲညီညွတ်ရေးကောင်စီက ဗမာပြည်ကွန်မြူနစ် ပါတီသို့ လက်ဝဲညီညွတ်ရေးလမ်းစဉ်ကို တင်ပြရန် ဗကပ ဌာန ချုပ်သို့ စေလွှတ်ခဲ့သည်။ ထိုသို့ စေလွှတ်ခဲ့ရာမှ ပြန်မလာတော့ ဘဲ တောခိုကာ ဗကပ၏ လက်နက်ကိုင်တော်လှန်ရေး လမ်း စဉ်နောက်ပါသွားခဲ့သည်။

၁၉၄၉ ခုနှစ်တွင် ဗကပခြေလျင်တပ်မ ၄ ၏ တပ်မ

မှူး အဖြစ်လည်းကောင်း၊ ဗ-က-ပ တပ်များ၏ ဒုတိယစစ်သေနာပတိအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၉၆၇ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်နေ့တွင် ပီကင်း ကွန်မြူနစ်လမ်းစဉ်ကို မထောက်ခံ၍ ဗမာပြည် ကွန်မြူနစ်ပါတီမှ ထုတ်ပယ်ခြင်း ခံရသည်။

ဗကပ၏ ဖြုတ်ထုတ်သတ်လမ်းစဉ်အရ ၁၉၆၇ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်နေ့တွင်ပဲခူးရိုးမရှိ ဗ-က-ပ ဌာနချုပ် ဗဟိုစခန်း၌ လူငယ်များ၊ အမျိုးသမီးများနှင့် ကင်းအဖွဲ့ဝင်များ၏ သတ်ဖြတ်ခြင်း ခံရသည်။

လက်မှတ်



ဗိုလ်ဇောနော်

# ဗိုလ်စောနောင်

ဗိုလ်စောနောင်ကို ၁၉၂၀ ပြည့်နှစ် စက်တင်ဘာလ ၂ ရက်နေ့တွင် ရန်ကုန်မြို့ ၊ ကမာရွတ်မြို့နယ်၊ ရှမ်းစုရပ်၌ ဖွားမြင်ခဲ့သည်။

မိဘများမှာ ဦးဘိုးညွန့်နှင့် ဒေါ်ရွှေမှတ်တို့ ဖြစ်ကြပြီး ရှမ်းလူမျိုးဗုဒ္ဓဘာသာဖြစ်သည်။

အမည်ရင်းမှာ မောင်သစ်ဖြစ်သောကြောင့် တို့ဗမာ အစည်းအရုံးကို ဝင်ရောက်သောအခါ သခင်သစ်ဖြစ်လာသည်။

ပညာရေးတွင် အင်္ဂလိပ်၊ မြန်မာ သတ္တမတန်း စာမေးပွဲ အောင်မြင်ခဲ့သည်။

ထို့နောက် သခင်ထွန်းအုပ် သခင်ဗစိန် တို့ဗမာအစည်းအရုံး၏တာဝန်ပေးအပ်ချက်အရ ၁၉၄၁ ခုနှစ်မေလတွင် သခင်ကျော်စိန် (ဗိုလ်မိုးညို) နှင့်အတူ ထိုင်းနိုင်ငံမှ တစ်ဆင့် ဂျပန်နိုင်ငံသွားရောက်ရန် ကြိုးပမ်းစဉ်မဲဆောက်တွင် အဖမ်းခံရသည်။ မဲဆောက်အချုပ်ခန်းတွင် နှစ်ရက်ကြာအချုပ်ခံရပြီး ပြည်နှင်ဒဏ်ပေးခံရ၍ မြန်မာနိုင်ငံ ပြန်လာခဲ့ရသည်။

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန် စေလွှတ်သည့်

စတုတ္ထအသုတ်နှင့် ၁၉၄၁ ခုနှစ် ဇူလိုင် ၈ ရက်နေ့တွင် ကိုရီယုမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ၁၉၄၁ ခုနှစ် ဇူလိုင် ၂၂ ရက်နေ့တွင် ရှန်ဟိုင်းသို့ရောက်ရှိခဲ့သည်။ ၁၉၄၁ ခုနှစ် ဩဂုတ်၈ တွင် တိုကျိုမှ ဟိုင်နန်ကျွန်းသို့ လေယာဉ်ပျံဖြင့် သွားရောက်ရာ ဩဂုတ် ၁၁ တွင် ရောက်ရှိခဲ့ပြီး စစ်ပညာများ သင်ကြားခဲ့သည်။

ထိုင်းနိုင်ငံဗန်ကောက်တွင် ဗမာ့ လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ) ဖွဲ့စည်းပြီးနောက် စစ်သားစုဆောင်းရေး တာဝန်များကို ဆောင်ရွက်ခဲ့ရာ တပ်သားသစ် ၁၀၀၀ ကျော် စုဆောင်းနိုင်ခဲ့သည်အတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဂျပန်စစ်အရာရှိကြီးများ၏ ချီးကျူးခြင်းခံခဲ့ရသည်။ ဗမာ့လွတ်လပ်ရေး တပ်မတော် စစ်ဌာနချုပ်နှင့် မော်လမြိုင်စစ်ကြောင်းဖြင့် မြန်မာနိုင်ငံတွင်း ချီတက်ကာ ဗြိတိသျှတပ်များကို တိုက်ခိုက်ခဲ့သည်။

ဘီအိုင်အေတွင် ဗိုလ်မှူးအဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည် ၁၉၄၂ ခုနှစ် ဇူလိုင် ၂၇ ရက်နေ့တွင် ဘီအိုင်အေ ဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) ဖွဲ့စည်းသောအခါ ဘီဒီအေ တပ်ရင်း (၄) တပ်ခွဲ (၁) တွင် ဗိုလ်ကြီးအဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက်

စစ်ဝန်ကြီးရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သည်။

ဖက်ဆစ် တော်လှန်ရေးကာလက ရှေ့တန်းစစ်ဌာနချုပ်တွင် တပ်ခွဲမှူးတာဝန်ဖြင့် ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တိုက်ခိုက်ခဲ့သည်။

၁၉၇၆ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

**ရရှိခဲ့သော ဆုတံဆိပ်များ**

၁၉၅၉ ခုနှစ် မတ် ၂၇ တွင် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့် လူမျိုးလွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျားကြိုးပမ်း ဆောင်ရွက်ခဲ့မှုများကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်းအထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) တံဆိပ် ချီးမြှင့် ဂုဏ်ပြုခြင်းခံခဲ့ရသည်။

Posh Saw Naung
Gzawa.

**လက်မှတ်**



ဗိုလ်ဇင်ယော်

## ဗိုလ်ဇင်ယော်

ဗိုလ်ဇင်ယော်ကို ၁၉၁၉ခုနှစ် နိုဝင်ဘာ ၂၁ရက်နေ့တွင် ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်၊ အေးရွာတွင် ဖွားမြင်ခဲ့သည်။

မိဘများမှာ ဦးပိုနှင့် ဒေါ်နှင်းမြ ဖြစ်ကြပြီး ဗမာလူမျိုး ဗုဒ္ဓဘာသာဖြစ်သည်။

အမည်ရင်းမှာ ကိုသန်းညွန့်ဖြစ်သောကြောင့် တို့ဗမာအစည်းအရုံးကိုဝင်ရောက်သောအခါ သခင်သန်းညွန့်ဖြစ်လာခဲ့သည်။

ခရမ်းမြို့နယ်၊ အေးရွာတွင် အလယ်တန်းအဆင့်ထိ ပညာသင်ကြားခဲ့ပြီး ၁၉၃၆ခုနှစ် ပုစွန်တောင်မြူနီစီပါယ် အထက်တန်းကျောင်းတွင် ပညာဆက်လက်သင်ကြားခဲ့ရာ န၀မတန်း အောင်မြင်ခဲ့သည်။ ထို့နောက် ဆရာဖြစ်သင်တန်း တက်

ရောက်အောင်မြင်ခဲ့ပြန်သည်။

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန် စေလွှတ်သည့် စတုတ္ထအသုတ်နှင့်အတူ ၁၉၄၁ခုနှစ် ဇူလိုင် ၈ရက်နေ့တွင် ကိုရီယုမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ဇူလိုင် ၂၂ရက်နေ့တွင် ရှန်ဟိုင်းသို့ရောက်ရှိခဲ့သည်။ ၁၉၄၁ခုနှစ် ဩဂုတ်၈ရက်နေ့တွင် တိုကျိုမှ ဟိုင်နန်ကျွန်းသို့ လေယာဉ်ပျံဖြင့် သွားရောက်ရာ ဩဂုတ် ၁၁ရက်တွင်ရောက်ရှိခဲ့ပြီး စစ်ပညာများသင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ) စစ်ဌာနချုပ်နှင့် မော်လမြိုင်စစ်ကြောင်းဖြင့် မြန်မာနိုင်ငံတွင် ချီတက်၍ ဗြိတိသျှတို့ကို တိုက်ခိုက်ခဲ့သည်။

၁၉၄၂ခုနှစ် ဇူလိုင် ၂၇ရက်နေ့တွင် ဘီအိုင်အေဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)ဖွဲ့စည်းသောအခါ ဘီဒီအေ တပ်ရင်း ၃တပ်ခွဲ ၃၌ ဗိုလ်ကြီးအဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၃ခုနှစ် ဇူလိုင်လတွင် စက်မှုလက်မှုတပ်ရင်း ၁၏ တပ်ခွဲမှူး တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၄ခုနှစ် ဩဂုတ်လတွင် အနောက်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၄၄ခုနှစ် နိုဝင်ဘာလတွင်

မန္တလေး အထက် မြန်မာပြည်တိုင်းတပ်ရင်းမှူးအဖြစ်လည်း ကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၄၅ခုနှစ် ဖေဖော်ဝါရီလတွင် ရန်ကုန်မြို့ လောင်းဝစ် လမ်း(ယခု အင်းယားမြိုင်လမ်း)ရှိ စစ်ဆေးရုံတွင် ဆေးကုသမှု ခံယူနေစဉ် ဖက်ဆစ်ဂျပန်တော်လှန်ရေး ဖြစ်ပွားလာသဖြင့် ဆေး ရုံမှဆင်းကာ တိုင်း ၄ (ပဲခူး၊ ရွှေကျင်နှင့်သထုံ)နှင့် ဆက်သွယ် ကာ ဖက်ဆစ်ဂျပန်တို့ကို တော်လှန်ခဲ့သည်။

ကန္ဒီ စာချုပ်အရ မျိုးချစ်ဗမာ့တပ်မတော် ဖျက်သိမ်း သောအခါ တပ်မတော်မှ ထွက်ခဲ့သည်။ ၁၉၄၅ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်း ဖွဲ့စည်းသော ပြည်သူ့ရဲဘော်တပ်ဖွဲ့တွင် ပါဝင်ခဲ့ပြီး ရန်ကုန်ခရိုင် ပြည်သူ့ရဲဘော်တပ်ဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၅၈ခုနှစ်တွင် နိုင်ငံရေးနယ်ပယ်သို့ ပြန်လည်ဝင် ရောက်ကာ ဦးနုဦးဆောင်သော သန့်ရှင်းဖဆပလအဖွဲ့တွင် ပါ ဝင်ခဲ့သည်။ ၁၉၆၀ပြည့်နှစ် တတိယအကြိမ် ပါလီမန်ပြည်သူ့ လွှတ်တော် ရွေးကောက်ပွဲတွင် သန့်ရှင်းဖဆပလ အမတ် လောင်းအဖြစ် ကဝမြို့နယ် မဲဆန္ဒနယ်မှ ဝင်ရောက်အရွေးခံရာ လွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။

၁၉၆၃-၆၄ခုနှစ်များတွင် မြန်မာနိုင်ငံ စစ်ပြန်စစ်မှုထမ်းဟောင်းများအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၉၃ခုနှစ် ဒီဇင်ဘာ ၃၁ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ရရှိခဲ့သော ဆုတံဆိပ်များ**

၁၉၅၉ခုနှစ် မတ်လ ၂၇ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့် လူမျိုးလွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) တံဆိပ်ချီးမြှင့် ဂုဏ်ပြုခြင်း ခံခဲ့ရသည်။


၁၉၈၀ပြည့်နှစ် ဇွန် ၇ရက်နေ့တွင် နိုင်ငံတော်၏အကျိုး ကို ဦးစီးဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမ ဆင့်) ချီးမြှင့်ခံခဲ့ရသည်။

လက်မှတ်





ဗမာ့လွတ်လပ်ရေးတပ်မတော်  မဲနမ်မြစ်တဘက်ကမ်းတွင် စခန်းချနေကြစဉ်



ဗိုလ်သန်းတင်

## ဗိုလ်သန်းတင်

သခင်သန်းတင်ကို ၁၉၂၀ခုနှစ် ဩဂုတ် ၂၇ရက်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ် ညောင်ပင်ဆိပ်ရွာတွင် မွေးဖွားခဲ့သည်။

မိဘများမှ ဦးမောင်နှင့် ဒေါ်စိုးတို့ဖြစ်ပြီး ဗမာလူမျိုး ဗုဒ္ဓဘာသာဝင်ဖြစ်သည်။

အမည်အရင်းမှာ ကိုသန်းတင်ဖြစ်သောကြောင့် တို့ဗမာအစည်းအရုံးကို ဝင်ရောက်သောအခါ သခင်သန်းတင်ဖြစ်လာခဲ့သည်။

မြဝတီကျောင်းတွင် စတုတ္ထတန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၄၀ပြည့်နှစ်တွင် ကမာရွတ်တို့ဗမာအစည်းအရုံးကို ဝင်ရောက်၍ နိုင်ငံရေးဆောင်ရွက်ခဲ့ပြီး ဂျပန်နိုင်ငံသို့ စစ်ပညာသင်းသွားရန် သခင်ထွန်းအုပ်က၊ သခင်ဘစိန် တို့ဗမာအစည်းအရုံးမှ သခင်သန်းတင်အား ရွေးချယ်ခဲ့သော လည်း မိဘနှစ်ပါးက သဘောမတူ၍ မလိုက်ရပေ။ နောက်ဆုံးတွင် သခင်သန်းတင်က အစာငတ်ခံ ဆန္ဒပြသည့်အတွက် မိဘနှစ်ပါးက ခွင့်ပြုရသည်။

ထိုအချိန်တွင် ဂျပန်နိုင်ငံသို့ ၁၉၄၁ခုနှစ် ဇူလိုင် ၈ရက်


နေ့တွင် ကိုရီယုမာရူးသင်္ဘောဖြင့် ထွက်ခွာသွားပြီးဖြစ်၍ မမီတော့ပေ။

သို့သော် သခင်ထွန်းအုပ်က ထိုင်းနိုင်ငံကို အရောက်လာရန် မှာခဲ့သည့်အတွက် ၁၉၄၁ခုနှစ် ဇူလိုင် ၁၂ရက်နေ့တွင် စွန့်လွှတ်စွန့်စားစွာ၊ ရန်ကုန်မြို့မှ မော်လမြိုင်၊ ထိုမှတစ်ဆင့် မြဝတီသို့သွားရောက်ခဲ့ပြီး ထိုင်းမြန်မာနယ်စပ်ရှိ တောတောင်အထပ်ထပ်ကို ဖြတ်ကျော်၍ ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ရောက်ရှိခဲ့သည်။ ထို့နောက် မဲဆောက်မြို့ရှိ ဂျပန်သံအမတ်က ဂျပန်အဝတ်အစားများ လဲလှယ်ဝတ်ဆင်ပေးပြီး လေယာဉ်ဖြင့် ဗန်ကောက်မြို့သို့ သွားရောက်ရန် စီစဉ်ပေးခဲ့သည်။

၁၉၄၁ခုနှစ် ဩဂုတ် ၁၅ ရက်နေ့တွင် ဗိုလ်ထိန်ဝင်းနှင့်အတူ ဒေလီမာရူးသင်္ဘောဖြင့် ဂျပန်နိုင်ငံသို့ ထွက်ခွာခဲ့ရာ လမ်းခရီးတွင် အဖျားရောဂါဖြစ်ပွားခဲ့သည်။ ဒေလီမာရူးသင်္ဘောထိုင် ဝမ်ကျွန်းသို့ ဆိုက်ရောက်သောအခါ ဂျပန်စစ်ဖက်အရာရှိများက တိုင်ပေ စစ်ဆေးရုံသို့ပို့ပေးခဲ့သည်။ ထိုဆေးရုံတွင် အူအတက် ပေါက်မှုကို ခွဲစိတ်ကုသခံမှု ခံယူနေစဉ် ကွယ်လွန်ခဲ့ရာ ရဲဘော်သုံးကျိပ်တွင် ပထမဆုံးကွယ်လွန်သူဖြစ်မှတ်တမ်းတင်ခဲ့ သည်။

**ရရှိခဲ့သောဆုတံဆိပ်များ**

၁၉၅၉ခုနှစ် မတ်လ ၂၇ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနောက်ဆုံး ကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျား ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (တတိယဆင့်) တံဆိပ်ချီးမြင့်ဂုဏ်ပြုခြင်းခံခဲ့ရသည်။



မိုလ်မြခင်

## ဗိုလ်မြခင်

ဗိုလ်မြခင်ကို ၁၉၂၀ပြည့်နှစ်တွင် သာယာဝတီခရိုင် အုတ်ဖိုမြို့၌ ဖွားမြင်ခဲ့သည်။

မိဘများမှာ ဦးမောင်ဖေနှင့် ဒေါ်ရွှေဖန်တို့ဖြစ်ကြပြီး ဗမာလူမျိုး ဗုဒ္ဓဘာသာဖြစ်သည်။

အမည်အရင်းမှာ ကိုသန်းတင်ဖြစ်သောကြောင့် တို့ဗမာအစည်းအရုံးကို ဝင်ရောက်သောအခါ သခင်သန်းတင်ဖြစ်လာခဲ့သည်။

သာယာဝတီမြို့ ဗုဒ္ဓဘာသာ အလယ်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။ သတ္တမတန်းရောက်သည့်နှစ်တွင် ၁၃၀၀ပြည့် အရေးတောပုံပေါ်ပေါက်ခဲ့ရာ ထိုကျောင်း၏ သပိတ်မှောက်ခေါင်းဆောင်တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၃၀၀ပြည့် အရေးတော်ပုံအပြီးတွင် ကျောင်းမှထွက်၍ နိုင်ငံရေးဆောင်ရွက် ခဲ့သည်။

သခင်ကိုယ်တော်မှိုင်း၊ သခင်မြ တို့ဗမာအစည်းအရုံး ဌာနချုပ်၏ ညွှန်ကြားချက်အရ သာယာဝတီမြို့

မြေအောက်လျှို့ ဝှက်အဖွဲ့ ဖွဲ့စည်းရာတွင် တာဝန်ခံအမှူဆောင်အဖြစ် ဆောင် ရွက်ခဲ့ပြီး သာယာဝတီမြို့နယ် ဗမာလက်ရုံးတပ်တွင် တပ်ဗိုလ် အဖြစ် ဆောင်ရွက်ခဲ့သည်။ တော်သူလယ်သမား တော်လှန်ရေး ခေါင်းဆောင် ဆရာစံ၏ဌာနချုပ်ဖြစ်သော အလံတောင်စခန်း တွင် လက်ရုံးတပ်သားများနှင့် စစ်ရေးလေ့ကျင့်ခဲ့သည်။

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန် မြန်မာမျိုးချစ်လူငယ်များ စေလွှတ်ရေးကိစ္စပေါ်လာသောအခါ တိုင်းပြည်အတွက် အသက်ပေးလှူပါမည်ဟုဆိုသောကြောင့် မြေအောက်လျှို့ဝှက် အဖွဲ့ခေါင်းဆောင် သခင်မြက ရွေးချယ်ခဲ့သည်။

ဂျပန်နိုင်ငံ စစ်ပညာသင်ကြားရန် စေလွှတ်သည့် ဒုတိယအသုတ်နှင့်အတူ ၁၉၄၁ခုနှစ် ဧပြီ ၁၃ရက်နေ့တွင် ကိုင်ရှိမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှထွက်ခွာခဲ့ရာ ဧပြီ ၂၈ရက်နေ့တွင် ဂျပန်နိုင်ငံ ဆိုဆာကာမြို့သို့ရောက်ရှိခဲ့သည်။ ၁၉၄၁ခုနှစ် မေ ၉ရက်နေ့တွင် လေယာဉ်ပျံဖြင့် တိုကျိုမှ ဟိုင်နန်ကျွန်းသို့ သွားရောက်ရာ မေ ၁၀ရက်တွင် ရောက်ရှိခဲ့ပြီး စစ်ပညာများ သင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) မြန်မာ

နိုင်ငံတွင်း မချိတက်မီ မြန်မာနိုင်ငံအတွင်း ရွှေ့ပြောင်းသူပုန်လုပ်ငန်းများ ဆောင်ရွက်ရန် ပြည်တွင်းသူပုန်အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခံရသည်။ ထို့နောက် ပြည်တွင်း သူပုန်အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံတွင်း ဝင်ရောက်စဉ် ထိုင်းမြန်မာနယ်စပ်အရောက် ငှက်ဖျားရောဂါဖြစ်ပွား၍ ဇင်းမယ်ဆေးရုံတက်ရောက်ကုသနေစဉ် ကွယ်လွန်ခဲ့ရာ ရဲဘော်သုံးကျိပ်တွင် ဒုတိယမြောက် ကွယ်လွန်သူအဖြစ် မှတ်တမ်းဝင်သွားလေသည်။

**ရရှိခဲ့သော ဆုတံဆိပ်များ**

၁၉၅၉ခုနှစ် မတ် ၂၇ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနောက် ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျားကြိုးပမ်းဆောင်ရွက်ချက် များကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်းအထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမောင်ကွန်းဝင် (တတိယဆင့်)တံဆိပ် ချီး မြှင့်ဂုဏ်ပြုခြင်းခံခဲ့ရသည်။



မိုလ်မိုး

# ဗိုလ်မိုး

ဗိုလ်မိုးကို ၁၉၁၈ခုနှစ် မတ်လ ၂၁ရက်နေ့တွင် ရန်ကုန်မြို့၌ ဖွားမြင်ခဲ့သည်။ မိဘများမှာ ဦးဖိုးမှီနှင့် ဒေါ်အေးတင်တို့ဖြစ်ကြပြီး ဗမာလူမျိုး ဗုဒ္ဓဘာသာဖြစ်သည်။

ငယ်နာမည်မှာ မောင်မောင်ဖြစ်၍ ကျောင်းနာမည်မှာ ခင်မောင်ဆွေဖြစ်သည်။ တို့ဗမာအစည်းအရုံးကို ဝင်သောအခါ သခင်အေးမောင်ဖြစ်လာခဲ့သည်။

ပျဉ်းမနားမြို့ (အေဘီအမ်) ကျောင်းတွင် စတုတ္ထတန်းအထိ ပညာသင်ကြားခဲ့ပြီး ရန်ကုန်မြို့ အလုံရပ်ကူရှင် (Cushin) ကျောင်းတွင် ဒသမတန်းအထိ ဆက်လက်ပညာသင်ကြားခဲ့သည်။

၁၃၀၀ပြည့် အရေးတော်ပုံကာလအတွင်း ၁၉၃၈ခုနှစ် ဒီဇင်ဘာ ၂၀ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် အပါအဝင် ရန်ကုန်မြို့ရှိ ကျောင်းပေါင်းစုံ ကျောင်းသားထု အတွင်းဝန်များ

ရုံး (ယခု ဝန်ကြီးများရုံး)ကို ဝိုင်း၍ သပိတ်တားဆန္ဒပြရာတွင် မောင်အေးမောင်သည် ကူရှင်ကျောင်းသားများသမဂ္ဂကို ဦးဆောင်ကာ ပါဝင်ခဲ့သည်။


၁၉၃၉ခုနှစ် သခင်ကိုယ်တော်မှိုင်း၊ သခင်မြ တို့ဗမာအစည်းအရုံးသို့ဝင်ရောက်၍ နိုင်ငံရေးဆောင်ရွက်ခဲ့ပြီး မြေနီကုန်း တို့ဗမာအစည်းအရုံးကို စတင်တည်ထောင်ရာတွင် ပါဝင်၍ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန် စေလွှတ်သည့် ပထမအသုတ်နှင့်အတူ ၁၉၄၁ခုနှစ် မတ်လ ၁၀ရက်နေ့တွင် ရှန်းတင်မာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ မတ်လ ၂၇ရက်နေ့တွင် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ရောက်ရှိခဲ့သည်။ ဟိုင်နန် တွင် စစ်ပညာသင်ကြားခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) စစ်ဌာနချုပ်နှင့် မော်လမြိုင်စစ်ကြောင်းဖြင့် မြန်မာနိုင်ငံတွင်း ချီတက်ကာ ဗြိတိသျှစစ်တပ်များကို ရှုပ်ရှပ်ခတ်ချုံတိုက်ခိုက်ခဲ့သည်။ ဖူးကြီးတွင် ဗြိတိသျှတပ်များနှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားရာ တပ်ဦးမှ အမိန့်ပေးနေစဉ် ရန်သူ၏ကျည်သင့်၍ ၁၉၄၂ခုနှစ် မတ် ၈ရက်နေ့တွင် ကျဆုံးခဲ့သည်။

**ရရှိခဲ့သောဆုတံဆိပ်များ**

၁၉၅၉ခုနှစ် မတ်လ ၂၇ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု နောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုးလွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျား ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (တတိယဆင့်)တံဆိပ် ချီးမြှင့် ဂုဏ်ပြုခြင်းခံခဲ့ရသည်။



မိုလ်စကြ်ာ

## ဗိုလ်စကြာ

ဗိုလ်စကြာကို ၁၉၁၅ခုနှစ် ဇူလိုင် ၁ရက်နေ့တွင် ရန်ကုန်မြို့၌ ဖွားမြင်ခဲ့သည်။ မိဘများမှာ ဦးမြတ်သာနှင့် ဒေါ်သန်းတင်တို့ဖြစ်ကြပြီး ဗမာလူမျိုး၊ ဗုဒ္ဓဘာသာဝင်ဖြစ်သည်။

အမည်ရင်းမှာ ကိုအောင်သန်းဖြစ်သောကြောင့် တို့ဗမာအစည်းအရုံးကို ဝင်ရောက်သည့်အခါ သခင်အောင်သန်း ဖြစ်လာသည်။

ထို့နောက် ၁၉၃၈ခုနှစ်၊ ဇန်နဝါရီ ၁ရက်နေ့တွင် ချောက် ရေနံမြေ အလုပ်သမားထုကို တရားဟောခဲ့သည်။

ဗြိတိသျှ နယ်ချဲ့ဆန့်ကျင်ရေး ဆောင်ရွက်မှုများကြောင့် အဖမ်းခံခဲ့ရ သည်။

၁၉၃၈ခုနှစ်တွင် တို့ဗမာအစည်းအရုံး နှစ်ခြမ်းကွဲသွားသောအခါ သခင်ထွန်းအုပ်၊ သခင်ဗစိန် တို့ဗမာအစည်းအရုံးတွင် ပါဝင်ခဲ့သည်။ ၁၉၄၀ပြည့် ဇွန်လ ၁၀ရက်နေ့တွင် ဂျူဗလီဟော၌ သခင်ဗစိန်၊ သခင်ထွန်းအုပ်၊ သခင်အောင်သန်း(ဗိုလ်စကြာ)၊ သခင်ချစ်တင်၊ သခင်ခင်မောင်တို့သည် ဂျပန်သွားစိုက်ဆိုင်ရှင် မစ္စတာကိုကုဘုနှင့် လျှို့ဝှက်စွာ တွေ့ဆုံကာ မြန်မာ့လွတ်လပ်ရေးအတွက် ဂျပန်နိုင်ငံမှ အကူအညီရရန် ဆွေးနွေးခဲ့သည်။

သခင်ထွန်းအုပ်၊ သခင်ဗစိန် တို့ဗမာအစည်းအရုံးက ဂျပန်နှင့်ဆက်သွယ်ရန် ယိုးဒယားနိုင်ငံသို့ စေလွှတ်သည့်အတွက် ထိုင်းနိုင်ငံသို့ စွန့်လွှတ်စွန့်စားစွာ သွားရောက်ခဲ့ရာ ၁၉၄၀ပြည့်နှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ရောက်ရှိခဲ့သည်။ ဗန်ကောက်တွင် ဂျပန် အာဏာပိုင်များနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ပြီး သခင်ထွန်းအုပ်ထံ မြန်မာနိုင်ငံရှိ နိုင်ငံရေးအဖွဲ့ သုံးလေးဖွဲ့မှ လူငယ်လေးဆယ်ခန့် စစ်ပညာသင်ရန်အတွက် လျှို့ဝှက်စွာစေလွှတ်ပေးရန် အကြောင်းကြားခဲ့

သည်။ သခင်အောင်သန်း ထိုင်းနိုင်ငံတွင်ရောက်နေကြောင်း မီနာမီအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးစူဇူကီးက သိရှိသွားသဖြင့် စစ်ပညာသင်ရန် ဟိုင်နန်ကျွန်းသို့ ပို့ပေးခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ) စစ်ဌာနချုပ်နှင့် မော်လမြိုင်စစ်ကြောင်း မြန်မာနိုင်ငံတွင်းချီတက်စဉ် ဗိုလ်ကျော်ဇော ဦးဆောင်သည့် လက်နက်ခဲယမ်းမီးကျောက်နှင့် သယ်ယူပို့ဆောင်ရေးတပ်ဖွဲ့နှင့်အတူ ချီတက်လိုက်ပါခဲ့သည်။

၁၉၄၂ခုနှစ် ဇူလိုင် ၂၇ရက်နေ့တွင် ဘီအိုင်အေကို ဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)ဖွဲ့စည်းသော အခါ ဒုတိယဗိုလ်မှူးကြီးအဆင့်ဖြင့် စစ်ဦးစီးတာဝန် ထမ်းဆောင် ခဲ့သည်။

၁၉၄၃ခုနှစ် ဩဂုတ် ၁ရက်နေ့တွင် ဖွဲ့စည်းသော မြန်မာ နိုင်ငံအစိုးရအဖွဲ့တွင် ဒုတိယကာကွယ်ရေးဝန်ကြီး (ဒုတိယ စစ် ဝန်ကြီး) အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ ၁၉၄၄ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူးအဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။

၁၉၄၇ခုနှစ် ဇန်နဝါရီလတွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အင်္ဂလန်နိုင်ငံ

သွားရောက်ရာတွင် အတိုင်ပင်ခံအဖြစ် လိုက်ပါခဲ့ပြီး ၁၉၄၇ခုနှစ်တွင် ပြည်ထဲရေးဝန်ကြီးဌာန ပါလီမန်အတွင်းဝန်အဖြစ် ခန့်အပ် ခံရသည်။

၁၉၅၁ခုနှစ် ပထမအကြိမ် ပါလီမန်ရွေးကောက်ပွဲတွင် ဖဆပလ အမတ်လောင်းအဖြစ် သရက်တောင်ပိုင်း မဲဆန္ဒနယ်မှ ဝင်ရောက်အရွေးခံရာ လွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။

၁၉၅၈ခုနှစ်၊ ဖဆပလ နှစ်ခြမ်းကွဲသောအခါ တည်မြဲဖဆပလတွင် ပါဝင်ခဲ့သည်။ ၁၉၆၀ပြည့်နှစ် ဒုတိယအကြိမ် ပါလီမန်ရွေးကောက်ပွဲတွင် တည်မြဲဖဆပလ အမတ်လောင်းအဖြစ် ကြည့်မြင်တိုင်တောင်ပိုင်း မဲဆန္ဒနယ်မြေမှ ဝင်ရောက်အရွေးခံရာ ရှုံးနိမ့်သွားခဲ့သည်။

၁၉၆၅ခုနှစ် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားပြီး ၁၉၆၆ခုနှစ် အောက်တိုဘာလတွင် ထိုင်းနိုင်ငံ၌ အမျိုးသာလွတ်လပ်ရေးကောင်စီကို ဖွဲ့စည်းရာတွင် ပါဝင်ခဲ့သည်။ ၁၉၆၉ခုနှစ် ဩဂုတ်ဖြေက်နေ့တွင် ဦးနု အဖွဲ့ ထိုင်းနိုင်ငံတွင်းသို့ ရောက်လာသောအခါ ဦးနုအဖွဲ့နှင့် ပူးပေါင်းခဲ့သည်။

၁၉၆၉ခုနှစ် စက်တင်ဘာ ၆ရက်နေ့တွင် ထိုင်းနိုင်ငံ၌ နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

**ရရှိခဲ့သော ဆုတံဆိပ်များ**

၁၉၅၉ခုနှစ် မတ် ၂၇ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုနောက်ဆုံးကဏ္ဍ၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့် လူမျိုး လွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျားကြိုးပမ်းဆောင် ရွက်ခဲ့မှုကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်း အထိမ်းအမှတ် အဖြစ် လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)တံဆိပ် ချီးမြှင့် ဂုဏ်ပြုခြင်းခံခဲ့ရသည်။

လက်မှတ်

ဓားလှ သ‌ိုး
(Hunla)



ဗိုလ်ရဲထွဋ်

# ဗိုလ်ရဲထွဋ်

ဗိုလ်ရဲထွဋ်ကို ၁၉၂၂ခုနှစ် ဖေဖော်ဝါရီလ ၂၅ရက်နေ့တွင် ရန်ကုန်မြို့ တာမွေကလေးရပ်၌ ဖွားမြင်ခဲ့သည်။

မိဘများမှာ ဦးဘိုးလွန်နှင့် ဒေါ်စောရှင်တို့ဖြစ်ပြီး ဗမာလူမျိုး ဗုဒ္ဓဘာသာဝင်ဖြစ်သည်။

အမည်ရင်းမှာ မောင်အောင်သိန်းဖြစ်၍ ရန်ကုန်မြို့ကန်တော်လေးမြူနီစီပယ်ကျောင်းမှ ဒသမတန်းအောင်မြင်ခဲ့သည်။ ထို့နောက် အထက်တန်းဆရာဖြစ် သင်တန်းအောင်မြင်ခဲ့ပြီး ၁၉၃၆- ၃၇ခုနှစ်တွင် ဦးမောင်ကြီး ရဲတပ်တွင် ပါဝင်ခဲ့သည်။ ၁၉၃၈ ကျောင်းသားသပိတ်တွင် မြူနီစီပယ်ကျောင်းမှ သပိတ်မှောက်ခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၃၉-၄၀ပြည့်နှစ်တွင် မြူနီစီပယ်ကျောင်းကျောင်းသားများ သမဂ္ဂ

ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြားရန် စေလွှတ်သည့် ဒုတိယအသုတ်နှင့်အတူ ၁၉၄၁ ခုနှစ် ဧပြီ ၁၃ ရက်နေ့တွင် ကိုင်ရှိမာရူးသင်္ဘောဖြင့် ရန်ကုန်မြို့မှထွက်ခွာခဲ့ပြီး ၁၉၄၁ ခုနှစ် ဧပြီ ၂၈ ရက်နေ့တွင် ဂျပန်နိုင်ငံ အိုဆာကာမြို့သို့ ရောက်ရှိခဲ့သည်။ ၁၉၄၁ ခုနှစ် မေ ၉ ရက်နေ့တွင် လေယာဉ်ပျံဖြင့် တိုကျိုမှ ဟိုင်နန်ကျွန်းသို့ သွားရောက်ရာ ၁၉၄၁ ခုနှစ် မေ ၁၀ရက်နေ့တွင် ရောက်ရှိပြီး စစ်ပညာများ သင်ကြားခဲ့သည်။

၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်တွင် လက်မောင်းသွေးဖောက်၍ သံစ္စာပြုကာ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) စတင်ဖွဲ့စည်းထူထောင်ရာ၌ ပါဝင်ခဲ့သည်။

ဘီအိုင်အေစစ်ဌာနချုပ်နှင့် မော်လမြိုင်စစ်ကြောင်းဖြင့် မြန်မာနိုင်ငံတွင်း ချီတက်ကာ ဗြိတိသျှတို့ကို တိုက်ခိုက်ခဲ့သည်။

၁၉၄၂ ခုနှစ် ဧပြီလတွင် ဘီအိုင်အေ တမ်မဟာ ၃ တပ်မှူးအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၄၂ ခုနှစ် ဇူလိုင် ၂၇ ရက်နေ့တွင် ဘီအိုင်အေကို ဖျက်သိမ်း၍ ဗမာကာကွယ်ရေးတပ်မတော် (ဘီအိုင်အေ)ဖွဲ့စည်းသောအခါ ဘီဒီအေတပ်ရင်း

၁ တပ်ရင်းမှူးအဖြစ်လည်းကောင်း၊ ၁၉၄၄-၄၅ ခုနှစ်တွင် ဘီဒီအေ တပ်ရင်း၅ တပ်ရင်းမှူးအဖြစ်လည်းကောင်း၊ စစ်ဦးစီးဌာနချုပ် အထွေထွေဌာနကြီးမှူး အဖြစ်လည်းကောင်း၊ တာဝန်ထမ်း ဆောင်ခဲ့သည်။

၁၉၄၄ ခုနှစ် စက်တင်ဘာလတွင် ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် ပြင်ဆင်စည်းရုံးရန် ဗိုလ်မှူးကြီးနေဝင်း ဒေးဒရဲရှိ သခင်စိုးထံ သွားရောက်ရာတွင် လိုက်ပါခဲ့သည်။၁၉၄၅ ခုနှစ် မတ်၁ မှမတ် ၃ ရက်အထိ ကျင်းပသော ဖ-တ-ပ-လအစည်းအဝေးသို့တက်ရောက်ခဲ့သည်။ ထိုအစည်းအဝေးတွင် ဖက်ဆစ် ဖက်ဆစ်ဂျပန်တို့အားတော်လှန်တိုက်ခိုက်ရန် အစီအစဉ်များ ချမှတ်ခဲ့သည်။ .ဖက်ဆစ်တော်လှန်ရေးကာလတွင် တိုင်း၆ မိတ္ထီလာ၊ ပျဉ်းမနား၊ တောင်ငူနှင့် တောင်ပိုင်း ရှမ်းပြည်) တိုင်းမှူးအဖြစ် တာဝန်ယူ၍ ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တိုက်ခိုက်ခဲ့သည်။

၁၉၄၅ ခုနှစ် ဩဂုတ် ၁၂ ရက်နေ့တွင် ဗမာ့တပ်မတော်ခေါင်းဆောင် အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ၁၉၄၆-၄၇ ခုနှစ်တွင် ဗမာ့ တပ်မတော်တပ်ရင်း ၅၊ ၏ တပ်မှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်

ရေး ရပြီးနောက် အမှတ်(၃) ဗမာ့သေနတ်ကိုင်တပ်ရင်းတွင် တပ်ခွဲမှူးနှင့် တပ်ရင်းမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

**ရရှိခဲ့သောဆုတံဆိပ်များ**

* လှိုင်းဘွဲ့မြို့သိမ်းတိုက်ပွဲနှင့် ကတိုင်တိတိုက်ပွဲတို့တွင် ထူးချွန်စွာ တိုက်ခိုက်ခဲ့သည့်အတွက် ၁၉၄၂-၄၃ခုနှစ်တွင် ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ) ၏ သူရဲကောင်းတံဆိပ် (ဒုတိယဆင့်) ချီးမြှင့်ခြင်းခံခဲ့ရသည်။

* ၁၉၄၂ ခုနှစ် ဇန်နဝါရီ ၈ ရက်နေ့မှ ၁၉၄၂ ခုနှစ် ဇူလိုင် ၂၆ကာလအတွင်း ဘီအိုင်အေ၌ စစ်မှုထမ်းခဲ့သည့်အတွက် အရေးတော်ပုံတံဆိပ် ချီးမြှင့်ခြင်းခံခဲ့ရသည်။


* ၁၉၄၂ ခုနှစ် ဇူလိုင် ၂၇ မှ ၁၉၄၅ ခုနှစ် မတ် ၂၆ ကာလအတွင်း ဘီဒီအေ၌ စစ်မှုထမ်းခဲ့သည့်အတွက် လွတ်လပ်ရေး စည်းရုံးမှုတံဆိပ်ချီးမြှင့်ခြင်းခံခဲ့ရသည်။

* ၁၉၄၅ ခုနှစ် မတ် ၂၇ မှ ၁၉၄၅ ခုနှစ် စက်တင်ဘာ ၁၂ အတွင်း ဖက်ဆစ်ဂျပန်များကို ရှုပ်ရှုပ်ချချ သက်စွန့်ကြိုးပမ်း တိုက်ခိုက်မောင်းထုတ်ခဲ့သည့်အတွက် လွတ်မြောက်ရေးတံဆိပ် ချီးမြှင့်ခြင်းခံခဲ့ရသည်။

* ၁၉၇၂ခုနှစ် ၂၅ မတ်တွင် မြန်မာ့လွတ်လပ်ရေးကဏ္ဍ

၌ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်နှင့်လူမျိုးအကျိုးစီပွားအတွက် သက်စွန့်ဆံဖျားကြိုးပမ်း ဆောင်ရွက်ခဲ့မှုများကြောင့် နိုင်ငံတော်က ကျေးဇူးဆပ်ခြင်းအထိမ်းအမှတ်အဖြစ် လွတ်လပ်ရေး မော်ကွန်းဝင်(ပထမဆင့်) တံဆိပ် ချီးမြှင့်ဂုဏ်ပြုခြင်းခံခဲ့ရသည်။

* ၁၉၈၀ပြည့်နှစ် ဇွန် ၇ တွင် နိုင်ငံတော်အကျိုးကို ဦးစီးဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ချီးမြှင့်ခံခဲ့ရသည်။



ဟိုင်နန်ကျွန်း—စစ်ပညာသင်ကျောင်း၌၊
ရေချိုးဆောင်တွင် တွေ့ရသော
ရဲဘော်သုံးကျိပ်ဝင်အချို့
ဝဲ မှ ယာ (ဗိုလ်မင်းခေါင်၊ ဗိုလ်နေဝင်း၊ ဗိုလ်မြင့်ဆွေ၊
ဗိုလ်စောအောင်၊ ဗိုလ်မြင့်အောင်)

(ဒုၚ်လာ် ၄၃၈၄)
ဍိုပ်ဗိုဒ ဒုဝိုန်ဨစဵုဂွံပယေၚ် ဖအေၚ်ဂှ်ဍေဿိုၚ်ဝဇ ဂြိုဟ်ဂွံၚ်ဂှေဒါ



# ကျမ်းကိုးအထောက်အထား

၁။ ရဲဘော် သုံးကျိပ် (ကျော်ငြိမ်း)

၂။ ပြည်ထောင်စုဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း (တက္ကသိုလ်နေဝင်း)

၃။ ရဲဘော်သုံးကျိပ်မော်ကွန်း (တက္ကသိုလ်စိန်တင်)

၄။ အောင်ဆန်းဇာနည် (သိန်းအေး)

၅။ ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝဖြစ်စဉ် ရက်စွဲများ (မင်းအောင်နိုင်)

၆။ ၁၉၄၅ မြန်မာနိုင်ငံ ဖက်ဆစ်တော်လှန်ရေး သမိုင်း (တက္ကသိုလ်စိန်တင်)